
mgyoe.com

SAMPLE BOOK

# ရဟန်းနှင့် မုဒိတာအဖော်

စမ္ပဂင်္ဂါ



2019.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com

SAMPLE BOOK

၁။ မင်းကွန်း ဆရာတော်ကြီး
၂။ သီတဂူ ဆရာတော်ကြီး
၃။ ပခုက္ကူ အရှင်ကေလာသ
၄။ ဓမ္မဘောဂီ ဆရာတော်
၅။ ရွှေစင် တိပိဋကဓရဆရာတော်
၆။ ဒေါက်တာအရှင်ဩသဓလာရ
၇။ ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ
၈။ ဓမ္မဓရ ဒေါက်တာအရှင်ကုမာရ
၉။ ချမ်းမြေ့စန္ဒီ ဒေါက်တာအရှင်စန္ဒိမာ
၁၀။ ပါမောက္ခ ဒေါက်တာအရှင်ဇာဂရ
၁၁။ အရှင်တိက္ခဉာဏာလင်္ကာရ
၁၂။ မိုးရိပ်တိုက်သစ်ဆရာတော်ကြီးများ
၁၃။ လောက်ကိုင်သာသနာပြုဆရာတော်
၁၄။ ဝဲကိုင်း တိပိဋကဓရဆရာတော်
၁၅။ အရှင်ကုမုဒါလင်္ကာရ



ISBN 978-99971-44-10-2
K0390
9 789997 144102 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၂၇၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ရဟန်းနှင့်မုဒိတာအသယေဈ်

စမ္ပဂဂါ



mgyoe.com

mgyoe.com SAMPLE BOOK



ကလောင်အမည် ဓမ္မဂင်္ဂါ
ဘွဲ့အမည် ဒေါက်တာအရှင်ဝိစိတ္တသာရ

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချင်မြစ်ကျင်းရွာ၌ ဖခင်ဦးကျော်သန်း၊ မိခင်ဒေါ်ရွှေမြင့်ခင် (ယခု ဖက်သန်းကုန်းရွာ)တို့မှ မွေးဖွားခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် ရှင်သာမဏေအဖြစ် ခံယူခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။ ဝန်းသို၊ ကောလင်း၊ မြောင်းမြ၊ မတ္တရာ၊ မန္တလေး၊ ရန်ကုန်ရှိ စာသင်တိုက်များနှင့် ပြည်တွင်း ပြည်ပ တက္ကသိုလ်များတွင် ပညာသင်ယူခဲ့သည်။ သာသနတက္ကသိလ ဓမ္မာစရိယ၊ ဗုဒ္ဓဓမ္မဒီပလိုမာ၊ B.A(Buddhism) (တန်းစဉ် ပါဠိနှင့် သက္ကတ ဂုဏ်ထူး)၊ B.A(BDh)(A+)(ဘာသာစုံဂုဏ်ထူး)၊ M.A(Pali)ဘွဲ့များကို ဆွတ်ခူးအောင်မြင်ခဲ့ပြီး PhD ဘွဲ့အတွက် An Analytical Study of Adhipatidhammas in Adhidhammapitaka ကျမ်းစာကို တင်သွင်းကာ PhD ဘွဲ့ ရရှိခဲ့သည်။

mgyoe.com

mgyoe.com 

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံသာသနာပြုဗဟို၊ ရန်ကုန် သမိုင်းမြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန် ခရစ်ယာန်ဓမ္မတက္ကသိုလ်၊ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၊ စင်ကာပူနိုင်ငံ၊ မင်္ဂလဝိဟာရ၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဗဟိုတိဘက် လေ့လာရေး တက္ကသိုလ်နှင့် ဗုဒ္ဓဂယာ မြေမြတ်မဟာ၊ မြန်မာဗုဒ္ဓဘာသာ ပညာရေးစင်တာတို့တွင် ဗုဒ္ဓစာပေများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပို့ချခဲ့သည်။ နိုင်ငံတကာ ခရီးစဉ်များအနေဖြင့် ပိဋကတ်စာပေ သင်ယူပို့ချမှု၊ တရားဓမ္မဟောပြောခြင်းနှင့် ဒေသန္တရ ဗဟုသုတ ရည်ရွယ်ချက်များဖြင့် အမေရိကန်၊ အင်္ဂလန်အပါအဝင် အာရှ၊ ဥရောပနှင့် သြစတြေးလျတိုက်များရှိ နိုင်ငံပေါင်း(၄၀)ကျော် လှည့်လည်ကြွရောက်ခဲ့သည်။ ဓမ္မဂင်္ဂါ ဟူသော ကလောင်အမည်ဖြင့် 'ရဟန်းနှင့်အတွေးအမြင် ရသစာစုများ'၊ 'အဖေလို့သာ ခေါ်ပါလေ သားရဟန်း' နှင့် မစိုးရိမ်အလွမ်းစာစုများ'၊ 'ကိုယ်တိုင်ကြွား အတ္ထုပ္ပတ္တိ'၊ 'မိဂဒါဝုန် ဂျန်းရှင်း'၊ 'ရဟန္တာကိုယ်တိုင် ရွတ်တဲ့ကဗျာ'၊ 'အဓိပတိလမ်းပေါ်က ရဟန်း'၊ 'ရဟန်းနှင့် ပင်လယ်'၊ 'ရဟန်းနှင့် သေနတ်နှင်းဆီ'၊ 'ရဟန်းနှင့် ဂလိုဘယ်မြစ်ဆုံ' စသော စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ ရန်ကုန်မြို့၊ လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်အနီး အနော်ရထာလမ်းမကြီးတွင် ဓမ္မဂင်္ဂါ ဗုဒ္ဓဘာသာ ပါဠိကောလိပ်(Dhamma Ganga Buddhist Pali Colllege) နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (အဟောင်း မိုင် ၂၀၀/အသစ် မိုင် ၁၇၃ ဆုံရာ)သာဂရ စက်မှုဇုန်ကတ္တရာလမ်းချောပေါ်တွင် သာဂရဓမ္မရွာ (Thagaya Dhamma Village) တည်ထောင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ


၁။ ရဟန်းတစ်ပါး၏ အနွတ္တဆည်းဆာ ၉
(မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး၏ စိတ်ရှမျှော်ခင်းအချို့)
၂။ ရဟန်းတစ်ပါး၏ မိုင်နှုန်းမြင့် ဓမ္မဟိုင်းဝေး ၂၃
(သီတဂူ ဆရာတော်ဘုရားကြီးအား မလှမ်းမကမ်းမှ ဖူးမြော်ခြင်း)
၃။ ရဟန်းတစ်ပါး၏ ဘဝလုံးပုံ၍ ချစ်အပ်သော ဓမ္မသုတေသနခရီး ၃၅
(သုတေသနကျမ်းပြု ပခုက္ကူ အရှင်ကေလာသ၏ ခပ်ဝေးဝေးပုံရိပ်)
၄။ ရဟန်းတစ်ပါး၏ ဗားရှင်းမြင့် ဇရာအပလီကေးရှင်း ၄၃
(ဓမ္မဘေရီ ဆရာတော်ကြီး အရှင်ဝီရိယ (တောင်ဇွန်း) ၏ ဖွဲ့ပိုသော ခြေလှမ်းအချို့နောက် မမီမကမ်း ကပ်လိုက်ခြင်း)
၅။ ရဟန်းတစ်ပါး၏ ဆယ်လီဘရစ်တီ မျက်နှာဖုံး ၅၃
(ရွှေစင် တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရကို လှစ်ခနဲ ဖူးမြင်ရသော အခိုက်များ)
၆။ ရဟန်းတစ်ပါး၏ မာလ်တီပရိဖိုင် ၆၅
(အမေရိကန် သာသနာပြု ဒေါက်တာ အရှင်ဩဘာသရကို ဘဝကသိုဏ်းတင်ခြင်းနှင့် မုဒိတာသင်ရိုးကို ဖတ်ခြင်း)
၇။ ရဟန်းတစ်ပါး၏ သမာနတ္တတာလမ်း ၇၉
(ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသနှင့် မဇ္ဈိမဝံသ နှစ်သက္ကရာဇ်များ)


mgyoe.com

mgyoe.com SAMPLE BOOK

၈။ ရဟန်းတစ်ပါး၏ ဓမ္မဝါဆိုဦး နဂ္ဂတစ်များ ၈၇
(ဓမ္မဓရဆရာတော်ဒေါက်တာအရှင်ကုမာရနှင့်လောကဓမ္မအပေါင်း လက္ခဏာ
များကို ပူဇော်ခြင်း)
၉။ ရဟန်းတစ်ပါး၏ တန်ဖိုးမြင့်တယ်လီဖုန်း ၉၅
(အိန္ဒိယဗုဒ္ဓဂယာချမ်းမြေ့ စန္ဒီဆရာတော် ဒေါက်တာ
အရှင်စန္ဒိမာကို ဘဝအုတ်မြစ် တူးဖော်ခြင်း)
၁၀။ ရဟန်းတစ်ပါး၏ ရာဟုလာအိပ်မက်များ... ၁၁၇
(မန္တလေး သာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဌာန၊
ဌာနမှူး၊ ပါမောက္ခဒေါက်တာအရှင်အာစာရနှင့် အိပ်မက်ချင်း ခလုတ်
တိုက်မိသည်များ)
၁၁။ ရဟန်းတစ်ပါး၏ မုဒိတာမိုင်ပေါင်းကုဋေ ၁၃၁
(ဓမ္မယောနွယ် အရှင်တိက္ခဉာဏာလင်္ကာရ မောင်းနှင်သော
ကားတွင် မုဒိတာ မိုင်ပိုစီးမိခြင်း)
၁၂။ ရဟန်းတစ်ပါး၏ ပိတောက်ထုံကူး ညများ ၁၄၁
(မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးများကို စိတ်မှန်ပြောင်းဖြင့်
ချောင်းကြည့်ခြင်း)
၁၃။ ရဟန်းတစ်ပါး၏ ဂျူလိယက်ဆီဇာ့ဆီးနိတ်မှသည် ဓားသွားပေါ် ၁၅၇
အထိ တက်ကသော ဆပ်က
(လောက်ကိုင် သာသနာပြုဆရာတော်)
၁၄။ ရဟန်းတစ်ပါး၏ အာဂုံရသော အာဂစံချိန်များ ၁၆၇
(ဒွါဒသမ တိပိဋကဆရာတော်)
၁၅။ ရဟန်းတစ်ပါး၏ပရိယတ္တိလက်ယက်တွင်းလေး ၁၇၇
(ကျောက်ဆည်ရေနားသာမဏေကျော်ဆရာတော်)

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ခန္ဓာကိုယ်ကျုံလှီသောအခါ ကာယဗလ မကုံလုံ။
ဖြဟ္မစိုရ်ခွန်အားနည်းသောအခါ စိတ္တဗလ မလုံခြုံ။

ဤဘုတ်အုပ်ငယ်သည် ရာစုသစ် မြန်မာ့သာသနာတော် အခင်းအကျင်းထဲက ရဟန်းတော် အရှင်မြတ်တို့၏ လင်းလင်းချင်းချင်း ဂုဏ်အရိပ်ကို ထင်းထင်းကြီး ပုံနှိပ် ဖော်ပြရန် မုဒိတာ အလေးဝိတ်မ ထားခြင်းဖြစ်ပါသည်။ ဆည်းပူးလေ့ကျင့် အပ်သော ဤစိတ်ကြွက်သားသည် သံသရာ မာရသွန်ပွဲတွင် အမောမဖောက် နောက်ကောက်မကျ ဘဝအရှုံးလည်း မရှိဘဲ ပြုံးပြုံးကြီး ဆင်နွှဲနိုင်ပါစေသတည်း။

ဓမ္မဂင်္ဂါ
(၄-၁၁-၂၀၁၉)
လားရှိုးလေဆိပ်

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး
# အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

- (၁၉၁၁–၁၉၉၃) မန္တလေးတိုင်းဒေသကြီး၊မြင်းခြံမြို့နယ်၊ကျည်းပင်ရွာ ဇာတိ၊ ခမည်းတော် သူကြီးဦးဆုံ၊ မယ်တော် ဒေါ်ဘောင်။
- စစ်ကိုင်းတိုင်း၊ မင်းကွန်းရွာ၊ ဓမ္မနာဒကျောင်းတိုက်၌ ပညာ ဆည်းပူးခဲ့ပြီး မဟာပညာကျော်ကြီး ဖြစ်လာခဲ့သူ...။
- ၂၀ ရာစု မြန်မာ့သာသနာ၏ ရှေ့ဆောင်၊ ပရိယတ္တိစာမေးပွဲ လောကတွင် ထိပ်တန်းမှ အောင်ပန်းဆွတ်ခူးခဲ့သော ရဟန်း။
- ပိဋကတ်သုံးပုံ စာမေးပွဲကြီးကိုလည်း ပထမဆုံး အာဂုံဆောင် တော်မူခဲ့သည့် တိပိဋကဖခင်။
- ကမ္ဘာ့မှတ်ဉာဏ် အကောင်းဆုံး လူသားအဖြစ် ဂင်းနစ် စံချိန် မှတ်တမ်းကြီးတွင် ရေးထိုးဂုဏ်ပြုခံရသော မြန်မာနိုင်ငံသား။
- ဆဋ္ဌမဗုဒ္ဓသာသနာသင်္ဂါယနာပွဲကြီးကိုဓမ္မဝိသဇ္ဇကအဖြစ် ဦးဆောင်တော်မူခဲ့သည့် ဓမ္မဘဏ္ဍာဂါရိကအရှင်။
- မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုတော်မူခဲ့သော ကျမ်းပြုမထေရ်။
- ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး တစ်ရပ်လုံး၏ ကြည်ညို မြတ်နိုးမှု ကို ခံယူရခြင်း အမြင့်ဆုံးဂုဏ်ရည်ဖြင့် ထင်ရှားတော် မူသော ဆရာတော်ကြီး။

mgyoe.com

mgyoe.com SAMPLE BOOK

## ရဟန်းတစ်ပါး၏ အနှုတ္တဆည်းဆာ
### (မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး၏ စိတ်ရှုမျှော်ခင်းအချို့)

( ၁ )

နိုင်ငံတော် ရုပ်သံနှင့် သတင်းစာမျက်နှာများတွင် ပရိယတ္တိစာပေနှင့် ပဋိပတ္တိသိက္ခာ တန်ဖိုးမြင့်မားလှသော ဂိလာန ရဟန်းအိုကြီးတစ်ပါး၏ နောက်ဆုံးဆည်းဆာကို နိုင်ငံတစ်ဝန်းလုံး၏ ရဟန်းရှင်လူ ပြည်သူများနှင့်အတူ သူသည်လည်း သောက ကြီးစွာ စောင့်ကြည့်နေပါသည်။

ရောဂါဝေဒနာသည်းနေသော ခန္ဓာကိုယ် ပိန်ပိန်လေးသည် နှစ်ပေါင်း ရှစ်ဆယ်၊ သိက္ခာတော်ပေါင်း ၆၀ မျှသော သာသနာ့ဝန်ကို ထမ်းရွက်ခဲ့ပြီးပြီ။

ခေတ်ကြေးမုံကြီးတွင် မွန်မြတ်ကြီးကျယ်သော လောကခံပုံရိပ်ကို ထင်းထင်းကြီး ပြသနိုင်ခဲ့ပြီ။

ဂိုဏ်းဂဏ မခွဲခြား၊ ဘာသာ မစဉ်းစားဘဲ ဖြူစင်စိုရွှဲအရည် ရွှန်းလှသော ရဟန်းအိုကြီးတစ်ပါး၏ နှလုံးကို ဆက်ခုန်နေစေချင်သည်။ ကမ္ဘာ့မှတ်ဉာဏ် အကောင်းဆုံးစံချိန် တင်ထားပြီးသော မြန်မာ့ဦးနှောက်ကြီး ဆက်တုန်ခါနေစေ ချင်ပါသည်။

mgyoe.com

mgyoe.com

လူမှုကွန်ရက်နှင့် မိုဘိုင်းလ်ဖုန်းယဉ်ကျေးမှု မထွန်းကားသော လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ကာလများဆီကပင် လူတိုင်းက ဤပုဂ္ဂိုလ်မြတ်၏ သတင်းကိုသာ နားစွင့်နေကြသည်၊ ဖြန့်ဝေနေကြသည်၊ ဆုတောင်းမေတ္တာ ပို့သနေကြလေသည်။

"မင်းကွန်း တိပိဋက ဆရာတော်ကြီး ချမ်းသာစွာ ခန္ဓာ့ဝန်ကို ဆောင်တော်မူနိုင်ပါစေ..."

သို့သော် ဆရာတော်ဘုရားကြီးက ဂါထာတစ်ပုဒ်ကို နောက်ဆုံး ရွတ်ဖတ် သရဇ္ဈာယ်ကာ သံသရာကို ရွေစိတ်ငြင်ပြို သံဝေ ပိုတော်မူသွားသည့်အတွက် အန္တိမခရီးကိုသာ လက်အုပ်ချီရတော့သည်။

မြန်မာတစ်နိုင်ငံလုံး၏ ရာနှုန်းပြည့်အချစ်ကို ရခဲ့ဖူးသော ပုဂ္ဂိုလ်မြတ် တစ်ပါးနှင့် တစ်ခေတ်တည်း ကြုံ၊ တစ်လေတည်း ရှိုက်ခွင့် ရသည်က ဘဒ္ဒကမ္ဘာ က ပေးသော ဒုလ္လဘလက်ဆောင် ဖြစ်သည်။

( ၂ )

ဆရာတော်စံရာ မင်းကွန်းရွာလေးတွင် ဝှဲချီးပူဇော် ကျင်းပနေသည့် နိုင်ငံတော် ဈာပနပွဲကြီးသို့ သူ ငါးခေါက်ထက်မနည်း ရောက်သွားခဲ့သည်။

စာပေစည်းကမ်း ကြီးလှသော မစိုးရိမ်အပါအဝင် ဂိုဏ်းဂဏအသီးသီး က စာသင်တိုက်ကြီးများက စာချ စာသင်များအားလုံး ဆရာတော်ဘုရားကြီး၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ရန် ကျောင်းများ ပိတ်ပေးလိုက်ပြီ။

"ဒုလ္လဘော ပုရိသာဇညော။ ဒီအရှင်မြတ်ကြီးလို ယောကျ်ားအာဇာနည် ပေါ်ထွန်းဖို့ ခက်တယ်၊ သွားဖူးပြီး ခတ်ကူးကြ..."

ဟု ဩဝါဒ လမ်းညွှန်ပေးကြ၏။

သူက ရဟန်း တစ်ဝါမျှသာ ရှိသေးပြီး မစိုးရိမ်တိုက်သစ်၊ ဓမ္မဝိနယရုံသီ ကျောင်းတွင် သကျသီဟ (စာသင်တန်း) အတွက် စာဝါတက်နေသည်။

မင်းကွန်းသို့ သွားရန် မိတ်ဆွေ ရဟန်းငယ်များနှင့်အတူ ပိုက်ကျိုး ဆိပ်ကမ်းသို့ ထွက်ခဲ့သည်။ မင်းကွန်း သွားမည့် ခရီးသည် မှန်သမျှအတွက် မြင်း လှည်း၊ ဆိုက်ကားနှင့် ဘတ်စ်ကားများက ယာဉ်ဒါန ပြုနေကြသည်။

ဧရာဝတီမြစ်ကြီးသည် ရဟန်းရှင်လူတို့၏ မျက်ရည်များကြောင့် လေးလံစွာ စီးဆင်းနေရသည်။ လှေသမ္ဗန်နှင့် သင်္ဘောများသည် အခမဲ့ သောက ကူးတို့များ ဖြစ်နေကြ၏။

mgyoe.com

SAMPLE BOOK

ကမ်းလုံးညွတ်မျှ
ဟိုဟိုဒီဒီ လူတွေ လူတွေ
ဟိုဟို ဒီဒီ
ရဟန်းတွေ ရဟန်းတွေ...။

နိုင်ငံ့အရေးကြောင့် မဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဈာပန အတွက် အရပ်ရှစ်မျက်နှာမှ ရောက်လာကြသော လူထုပင်လယ်ကြီးထဲ သူသည် လည်း မျောပါနေသည်။ ဖိနပ်ကျွတ်ကျခဲ့သည်ကိုပင် ပြန်မကောက်နိုင်တော့။ သာသနာတော်တွင်းရှိ ဂိုဏ်းဂဏပေါင်းစုံမှ သံဃာတော်များ၊ သီလရှင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များ စုဝေးမိနေကြသည်။ ပြော မကုန်သော ဂုဏ်ပုဒ်တွေဖြင့် အလွှာပကြရင်း လူတိုင်း မိတ်ဆွေ ဖြစ်နေကြ သည်။

တစ်နိုင်ငံလုံးမှ စားနပ်ရိက္ခာများ အစုန်၊ အဆန် ပေးပို့လှူဒါန်းနေကြ သည့်အတွက် လျှံထွက်နေသည်။ ထမင်းကျွေးရုံ၊ ဆွမ်းကျွေးရုံနှင့် ရေချမ်းပဝါ ကမ်းလှမ်းသူတွေ နေရာအနှံ့မှာ ရှိနေသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် အနုသုခုမ ပညာရှင်များ ဤမျှ စုဝေးမိသော ပွဲလည်း ရှိတော့မည် မထင်။

မည်သူမှ မငှားဘဲ ကိုယ့်ဇာတ်ရုံ ကိုယ်ထိုးကာ ကြည့်သူ ရှိရှိ၊ မရှိရှိ အဆို၊ အက အနုပညာဖြင့် နေ့နေ့ညည ပူဇော်နေကြသည်။

စောင်းမူမူသိန်းသည် စောင်းပိုက်ကာ သီချင်းရှိုက်ကာ အဆို၊ အငို၊ အပြောဖြင့် ဆရာတော်ကြီး အကြောင်းကိုဖွဲ့သည်ကို ရပ်နားထောင်ရင်း သူ မျက်ရည် စို့နေသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ထားရှိရာ ဗန္ဓုလဓမ္မာရုံကြီးထဲ အလှည့်ကျ အဖွဲ့လိုက် ဦးခိုက်ကြရသည်။

သံဃာတော်များက ခြေတော်ရင်းတွင် နေရာရကြ၏။

နိဗ္ဗာန်ဆော်က "ဆရာတော်ဘုရားကြီးကို ဩကာသကန်တော့ချီးဖြင့် နောက်ဆုံး ရှိခိုးကြပါစို့ဗျာ" ဟု ဆော်ဩလိုက်သည်နှင့် ညီညာဖြဖြ ဩကာသကြ သည်။

အားလုံး ဦးချ ငြိမ်သက်နေချိန်တွင် –

"ဘုရားအမြတ်ဆုံးရတနာ... တရားအမြတ်ဆုံးရတနာ... သံဃာ အမြတ်ဆုံးရတနာ..." အစဖြာသော မင်းကွန်း တိပိဋကက ဆရာတော်ကြီး၏ အသံ တော်ယဲ့ယဲ့သည် နံရံအသံသေတ္တာများထဲမှ ထွက်ပေါ်လာရာ " အမယ်လေး... ဆရာတော်ဘုရားရဲ့" ဟူသောမာတုဂါမ အသံတစ်သံကပရိသတ်နောက်ဖျားဆီမှ

mgyoe.com

mgyoe.com
SAMPLE BOOK


ကျယ်ကျယ်အော်လိုက်တော့ရာ ငိုချင်ရက် လက်တို့ ဖြစ်နေကြသည့် ရဟန်းရှင်လူတို့၏ စိတ်နှလုံးကို ညှစ်ချလိုက်သကဲ့သို့ဖြစ်ကာ အားလုံးရှိုက်ငို အပြိုပြို အလဲလဲ ဖြစ်ကြရတော့သည်။ ကြီးကျယ်သော ဆုံးရှုံးမှုတစ်ခုအတွက် ငိုရှိုက်လိုက်ရသော ပူနွေးသော မျက်ရည်၏ အရသာကို သူ သိလိုက်ရသည်။

သောကလည်း မဟုတ်၊ ဒေါသအငုတ်လည်း မရှိ...။

ပကတိသော အတွေးဖြင့် ငြိမ်သက်ကာ ဟိုးအဝေးကို မျှော်ငေးသည်။

ခေတ်တွေ ဘယ်လို ပြောင်းလဲသွားပါစေ.., ဂုဏ်ရည်တွေ မြိန်ရှက်ပြောကျန်ရစ်စေသည့် ခေတ်ကျန် ပုဂ္ဂိုလ်သူမြတ်ကြီး တစ်ပါးအဖြစ် စိတ်ကိုတည်ဆောက်ခဲ့ရတာ မလွယ်မှန်း သိနေသည်။

(၃)

ဈာပနခန်းကြီးထဲ သူ လျှောက်သွားသည်။ မင်းကွန်း ဆရာတော်ဘုရားကြီး၏ ပရိက္ခရာ အသုံးအဆောင်များ ခင်းကျင်းပြသရာ အဆောင်ထဲ ဝင်ကြည့်ကာ သူတော်စင်တစ်ပါး၏ ဘဝခြေရာနောက်သို့ ပြန်လိုက်သည်။

ရဟန်းငယ်တစ်ပါးက ဘယ်အရာကိုများ ကော်ပီကူးလို့ ရမလဲ...။

ဘဝတစ်ခုလုံး ကိုယ်တော်တိုင် ရှာဖွေခဲ့သော ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ဂုဏ်ထူးဆောင် ဆက်ကပ်အပ်နှင်းခံရသော ရွှေရောင်စာလုံးတော်ကြီးများကို စာကျက်ကလည်း ပျင်း၊ ကံ ဉာဏ် ဝီရိယချင်းကလည်း မိုးနှင့် မြေမို့ မမီမကမ်းတွေပဲ ဟု တွေးမိသည်။

မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီးကို ပြုစုတော်မူခဲ့သော လက်နှိပ်စက်လေးကို တွေ့သည့်အခါ သူ အကြာကြီး ငေးစိုက်ကြည့်မိသည်။ လက်နှိပ်စက်လေး တစ်လုံးတော့ သူ လိုချင်သည်။ စက္ကူအကြည်သားပေါ်တွင် စာလုံးလေးတွေ တဖြောက်ဖြောက် ပေါ်လာသည်ကို သူ ချစ်သည်။

ဆရာတော် မကျန်းမာသည့် အချိန်တွင် အသုံးပြုတော်မူသွားသည့် အဖြူရောင် ရှူရှူးခွက်လေးကို လက်အုပ်တချီချီ ဖူးမြော်နေကြသော အမျိုးသမီးကြီးတစ်စုကို မြင်ရသောအခါ "သြော်... ဂုဏ်ရှိတယ်ဆိုတာ ဒါမျိုးပေပဲကိုး" ဟု သူပါ လက်အုပ်ချီမိသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကြီးမြတ် ဖြူစင်သွားလျှင် ခန္ဓာကိုယ် အသွေးအသားများနှင့် အသုံးအဆောင်များပါ ဂုဏ်တက်သွားတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားရဟန္တာတို့၏ ခန္ဓာကိုယ်ကို မီးပူဇော်ပြီးသောအခါ ကြွင်းကျန်သော ဓာတ်တို့သည် ဓာတုစေတီအဖြစ် ကိုးကွယ်ထိုက်သွားသည်။ သက်န်း ပရိက္ခရာနှင့် ဆက်နွယ်ရာ အသုံးအဆောင်မှန်သမျှသည် ပရိဘောဂ စေတီတော်များ ဖြစ်လာကြသည်။ မှန်းဆပူဇော်ရသော ပုံတော်၊ ရုပ်ပွားတော်နှင့် ဘုရားပုထိုးများသည် ဥဒ္ဒိဿစေတီအဖြစ် ကမ္ဘည်းတင်အပ်တော့သည်။

ဩော်... ဆရာတော်ဘုရားကြီး သုံးခဲ့သမျှ ရှိခိုးထိုက်သွားခဲ့သည်ပဲ..။

အဖြူရောင် ကျင်ငယ်ခွက်လေး...။

( ၄ )

ပြတိုက်အထွက် စားပွဲပေါ်တွင် ဧည့်မှတ်တမ်းစာအုပ်ကြီးကို တွေ့ရသည်။

ဆရာတော်ဘုရားကြီးအတွက် အမှတ်တရ စကားများစွာကို သူ ဖတ်သည်။ သူ ရေးတော့မည့် စာမျက်နှာအသစ်ရှေ့တွင် မင်းသမီးဟန်နီထွန်းနှင့် သထုံ ဟိတကာရီ ဆရာတော်တို့၏ မှတ်ချက်များ ရှိနေသည်။ မင်းသမီးက စာနှစ်ကြောင်းခန့် ရေးထားတာ မှတ်မိသည်။ သထုံဆရာတော်က ပါဠိဖြင့် ဂါထာဖွဲ့သည်။ သူက ဝါကျအချို့ စီဖြစ်၏။ အတိအကျ မသိတော့..။

*" အနုတ္တသညာနဲ့ ကြီးမြတ်ခဲ့တဲ့*
*ဆရာတော်ဘုရားကြီးရဲ့ နောက်မှာ*
*ရှဉ္စသညာနဲ့ ရှိနေမိတဲ့ တပည့်တော်ခမျာ*
*အရှင်မြတ်ဂုဏ်တော်ရဲ့ ဆယ့်ခြောက်စိတ် တစ်စိတ်*
*မီဖို့တောင် မလွယ်ရှာ..။*
*လင်းနိုင်သမျှလေးတော့ လင်းကြည့်ပါဦးမယ် ဘုရား...။*

*အရှင်ဝိစိတ္တသာရ၊*
*ဓမ္မဝိနယရုံသီကျောင်း၊*
*မစိုးရိမ်တိုက်သစ်၊ မန္တလေး"*

ဈာပနပွဲအပြီး အမှောင်ကပိုကရိအချိန်မှာမှ မန္တလေးဆိပ်ကမ်းဆီ သူ ပြန်နိုင်ဖြစ်သည်။ သူရေးသော စာတိုလေးအတွက် တာဝန်အကြီးကြီး ထမ်းတော့မည် ဟူသော အဓိဋ္ဌာန်မျိုးကား မရှိခဲ့..။

mgyoe.com

mgoe.com

ထေရ်အရှင်က အနုတ္တ...

သူက ရှင်ငြီ....။

သို့သော် သူရေးသော စာကို ဖတ်မိသူတို့ ရှိနေခဲ့ကြောင်း ချွေးပြန်အောင် ရှက်ရသော ကာလတစ်ခု ရှိခဲ့ဖူးလေသည်။

ပိဋကတ်စာပေဆိုင်ရာ သဒ္ဒါကျမ်းတွင် အနုတ္တသညာနှင့် ရှင်ငြီသညာဟု အမည်နှစ်မျိုး ခွဲပြထားသည်။ အနုတ္တဆိုသည်က ဂုဏ်နှင့် ဒြပ် တစ်ထပ်တည်း ကျသော အမည်ဖြစ်ပြီး ရှင်ငြီကတော့ တင်စားမှည့်ခေါ်သော အမည်ဟု အကြမ်းဖျင်း နားလည်နိုင်ပါသည်။

လူနှင့် ဂုဏ် ကိုက်ညီသော နာမည်နှင့် လူနှင့် ဂုဏ် တလွဲဖြစ်နေသော နာမည်ဟုသာ အလွယ် မှတ်လိုက်စေလိုသည်။ မင်းကွန်းဆရာတော်ကြီး၏ ဘွဲ့တော်သည် အရှင်ဝိစိတ္တသာရ ဖြစ်သည်။

များသောအားဖြင့် ဂုဏ်ရည်မြင့်မားလှသည့် ဆရာတော်ကြီးများ၏ ဘွဲ့တော်အရင်းကို ထုတ်ဖော်ပြောလေ့ မရှိကြသော်လည်း သညာကို ရှင်းပြလို၍ သူ သုံးရတော့မည်။

ဝိ = ထူးကဲသာလွန်၊ စိတ္တ = ဆန်းကြယ်သော၊ သာရ = ပင်ကိုဉာဏ် ပဋိဘာန်နှင့် အကျင့်သိက္ခာ စသော ဂုဏ်အနှစ်သာရရှိသော ပုဂ္ဂိုလ်ဟု ဘာသာ ပြန်ဆိုရမည်။ နိဝါတတရားကြီးများ၍ နှိမ့်ချရိုကျိုးလှသော ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကတော့ ဝိ-ကင်းသော ဟု ဆန့်ကျင်ဘက် အဓိပ္ပာယ်တစ်မျိုး ယူတော် မူပြီး ဆန်းကြယ်မှုမရှိ ပကတိရိုးရှင်းသော ဘဝအနှစ်သာရရှိသူမျှသာ ဟု မိန့်တော်မူ ဖူးသည်ဟု မှတ်သားရပါသည်။ အဓိပ္ပာယ်နှစ်မျိုးလုံး ယူသော်လည်း ဆရာတော် ဘဝဖြတ်သန်းမှု အနေအထိုင်၊ အကျင့်သိက္ခာနှင့် အရည်အသွေးမှန်သမျှက ဘွဲ့တော် အတိုင်း ထင်ဟပ်နေတော့သည်။ ဆရာတော်အရှင် ရရှိခဲ့သော ဂုဏ်တို့သည် အနုတ္တချည်းသာ ဖြစ်ခဲ့သည်။

မင်းကွန်းဆရာတော်ဘုရားကြီးကို အားကျသဖြင့် တစ်နိုင်ငံလုံးက ဆရာတော်ဘုန်းတော်ကြီးများသည် တပည့်များကို ဘွဲ့တူပေးကြတော့သည်။

မင်းကွန်းဆရာတော်ကြီးခြေရာနင်းကြမည်ဟု မျှော်လင့်ချက်တစ်လေ့ ကြီးဖြင့် ရှင်ငြီသညာပိုင်ရှင်လေးတွေ ဖြစ်လာကြသည်။ သူနှင့် ခေတ်ပြိုင် သူနှင့် ဘွဲ့တူသူ များစွာ ရှိသည်ကို သတိပြုမိသည်။

တွေးလိုက်တိုင်း လက်အုပ်ချီရသော အနုတ္တ ပြကွက်အချို့ ရှိပါသည်။

မန္တလေး သကျသီဟအသင်းကြီး၏ ပရိယတ္တိစာမေးပွဲသည် စာသင်တန်း နှင့် စာချတန်း ဟု နှစ်တန်း ခြေဆိုရပြီး အခက်ခဲဆုံးဟု သတ်မှတ်ထားသည်။
mgoe.com

လူသတ်ပွဲဟုပင် လယ်တီဆရာတော်ဘုရားတို့ ကိုယ်တိုင်က သတ်မှတ်ထား၏။ ဉာဏ်ကြွက်သား ပြလိုသူ ရဟန်းငယ်များ ဝီရိယကြီးစွာ ပရိယတ္တိဝိတ်မ ကြရသည်။ ကြိုးကြိုးကြားကြား စစ်စစ်ပေါက်ပေါက် မေးသော မေးခွန်းများကို စိတ်ချွေးထွက်အောင် ဖြေဆိုကြရ၏။ မန္တလေး နွေခေါင်ခေါင်ကြီးတွင် ခေါင်းမီးလောင်မတတ် တွေးကြံကြရ၏။

မင်းကွန်းတောင်ရိုးက ဓမ္မနာဒကျောင်းသား ရှင်ဝိစိတ္တသာရသည်လည်း သကျသီဟစစ်မြေပြင်သို့ စစ်သူကြီးဟန် ရဲစိတ်မာန်အပြည့်ဖြင့် ကလောင်ထမ်း တက်လာသည်။ မန်းစာချဆရာတော်ကြီးများ၏ အာဘော်ကို မမိ၊ ပရိယတ္တိဗျူဟာ မသိ၍ ရှင်ဝိစိတ္တသာရ စာမေးပွဲကျရှုံးသည်။

ဘဝတွင် ပထမဆုံးနှင့် နောက်ဆုံးကျသော စာမေးပွဲ ဖြစ်သည်။ ဂေဇက်ထုတ်ရာ အသင်းရုံးသို့ သွားကာ အသင်းလူကြီးများကို "ဦးဇင်း နောက်နှစ် သကျသီဟ စာသင်တန်း ပထမရအောင် ဖြေပြမည်" ဟု ခပ်တည်တည် ပြောလျက် ထွက်သွားသည်။ ပိန်ပိန်သွယ်သွယ် လူပုံချောကိုယ်တော်လေး၏ နောက်ကျောကို ကြည့်ကာ အသင်းလူကြီးများ ခေါင်းတညိတ်ညိတ် ကျန်ခဲ့သည်။ အာဂသတ္တိခဲ ကိုယ်တော်လေး...။ အမှန်တကယ်ပင် ထိုနှစ်က မင်းကွန်းဆရာတော်လောင်းလျာ ကိုယ်တော်လေးသည် သကျသီဟဗိုလ်စွဲပြီး အောင်ခဲ့၏။ နောက်တစ်နှစ် စာမေးပွဲဂေဇက်ထွက်ချိန်မှာတော့ အသင်းဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် အသင်းလူကြီးများ အရေးပေါ် ခေါ်ရတော့သည်။

စာသင်တန်းပြီးလျှင် စာချတန်းတွင် ကျမ်းသုံးကျမ်းကို ပါဠိအဋ္ဌကထာဋီကာအဖွင့်ကျမ်းများစွာနှင့် တွဲဖက်ကာ ကျေညက်အောင် လေ့လာပြီးမှ ဖြေဆိုကြရသဖြင့် စာချတန်းကို ဖြေဆိုရန် အချိန်ယူကြရသည်။ တစ်ကျမ်းမျှ နှစ်ကျမ်းမျှ ဖြည်းဖြည်းဖြေဆိုကြရ၏။

"မနှစ်က ရုံးခန်းမှာ ပထမရအောင် ဖြေမယ်လို့ ကြုံးဝါးခဲ့တဲ့အတိုင်း ပထမယူခဲ့ပြီ။ ဒီနှစ်မှာတော့ နှစ်မခြားဘဲ ကျမ်းသုံးကျမ်းလုံး အမှတ်ပြည့်နီးပါး၊ မင်းနီတားစရာ မလိုဘဲ အောင်မြင်နေချေပြီ။ ငါ့ရှင်တို့ ဒကာတို့ ဘယ်သို့ ချီးမြှောက်ကြရအံ့နည်း..."

ခေါင်းချင်းဆိုင်၊ အတွေးချင်း ဆိုင်တော်မူကြပြီ။

"သကျသီဟ အသင်းကြီးရဲ့ အခက်ခဲဆုံး စာမေးပွဲကို ရွာသားကိုယ်တော်လေးက စံချိန်ချိုးချေပြီမို့ ထူးထူးကဲကဲ ဝင့်သကာ (ဦးဆောက်ပန်း) ဘွဲ့ ထွင်ပြီး အဋ္ဌကထာပြန်အကျော် ကမ္ပည်း တင်ကာ ရွှေတံဆိပ်ဆက်ကပ်ကြစို့ရဲ့" ဟု သမိုင်းမော်ကွန်းကို ရေးထိုး၏။

mgyoe.com

mgyoe.com SAMPLE BOOK


အခြား လူသိများပြီးသော သာမန်ရဟန်းတို့ အကဲစမ်းရဲစရာပင် မရှိသော တိပိဋက စာမေးပွဲကြီးတွင်လည်း ဆရာတော်ကြီး၏တာဝန်ယူမှုစိတ်ဓာတ်နှင့် သတ္တိကို ထင်းထင်းကြီး ဖူးကြရပေမည်။

အကျင့်စရဏနှင့် သိက္ခာတရားဆိုင်ရာ ဂုဏ်တော်များကိုတော့ တိုင်းလုံးပြည်လုံးအနှံ့ ကျော်စောထင်ရှားလှပါပြီ။

( ၅ )

သို့သော် လူတိုင်း မကြားဖူးသည့် တိပိဋက ဂုဏ်မြောက်၍ အနွတ္တမုန်သောက်သော ဆရာတော်ဘုရားကြီး၏ ရိုးဂုဏ်နှင့် စိတ်ရှုမျှော်ခင်း ဘဝပြကွက်များစွာထဲမှ မင်းကွန်းဆိပ်ကမ်းမှ ဓမ္မနာဒကျောင်းပြန် ခရီးတစ်ခုသည် ရင်ထဲ ထိထိရှရှ လွမ်းတဖို့ ကောင်း၏။ ဆရာတော်ဘုရားကြီးက မန္တလေးမှ မင်းကွန်းသို့ မော်တော်ရေယာဉ်ဖြင့် ပြန်ကြွလာသည်။ နိုင်ငံအလုံးမှ တိုင်းသားပြည်သူတို့ ကြည်ဖြူရွှင်လန်း လှူဒါန်းလိုက်သော ရဋ္ဌပိဏ္ဍအစစ် ပစ္စည်းလေးပါး အနှစ်တို့ကို ဒေသခံသံဃာတော်များနှင့် သက်ကြီးရွယ်အို အဘိုး၊ အဘွားတို့အား ခွဲဝေလှူဒါန်းပေးကမ်း စွန့်ကြဲတော်မူခဲ့သည်။ ထိုမှ ဘုန်းကံကြီးမား၍ ပိုလျှံပွားတော်မူသည်တို့ကို ဓမ္မနာဒတိုက် တိပိဋကလောင်းလျာ အရှင်မြတ်များနှင့် ကျောင်းသံဃိကအလို့ငှာ မင်းကွန်းသို့ လှည်းများဖြင့် ကပ္ပိယတို့က သယ်ယူခဲ့ကြရ၏။ မြင်ကွင်းကို ရှုပါလေ..။

လှည်းယာဉ်ဖြင့် ကျောင်းသင်္ခမ်းဆီ နိုင်ငံ့ဥသျှောင် ဆရာတော်ဘုရားကြီး ကြွချီတော်မူလာပါပြီ။ ဆရာတော်ဘုရားနှင့်အတူ ကျောင်းဒကာ ဗန္ဓုလ ဦးဆိုင်သည်လည်း ဝေယျာဝစ္စကုသိုလ်အလို့ငှာ လိုက်ပါလာခဲ့၏။ ဆရာတော်ဘုရား၏ လှည်းယာဉ်ကို အဝေးမှ မြင်သော ရှင်ငယ်၊ ကျောင်းသားငယ်တို့သည် အပြေးကြိုကြ၏။ ခွေလိုမ့်ရင်း သစ်ပင်တက်ရင်း ပြေးလာကြသဖြင့် ခန္ဓာကိုယ်တွင် ကိုယ်ရုံ သင်္ကန်း မကပ်ကြ။ ဖုန်အလူးလူး ပေလျက်ရှိသော ရှင်ငယ်၊ ကျောင်းသားငယ်များ၏ ညစ်ညမ်းသည့် အသွင်လက္ခဏာ၊ ဆော့သွမ်းသော ပကတူး အမူအရာတို့သည် ကျောင်းဒကာကြီး အတွက်မူ အများအမြင် မတင့်တယ် မဖွယ်မရာ သဒ္ဓါပျက်ဖွယ် ဖြစ်ချိမ့်မည်ဟု စိုးရိမ်ဟန် ရှိပေ၏။

"ဆရာတော်ဘုရား၊ ဒီမောင်ရှင်တွေကို နာနာငေါက်ပြီး ဆုံးမတော်မူပါဘုရား... "

တိုးတိုး ကပ်လျှောက်လေသည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


"အို... ဒကာကြီးရာ၊ ဘယ့်နှယ်ငေါက်ရမလဲ၊ ဘုရားအလောင်း ရဟန္တာလောင်းလေးတွေဗျ..ဒီအရွယ်တန်တဲ့ ဒီအမူအရာကိုပဲ ဒီအတိုင်း ကြည်ညိုရမှာပ..။ ကျုပ်တို့ ငယ်ငယ်က ပိုဆိုးသဗျ"

ဟု ခပ်ပြုံးပြုံးမိန့်တော်မူကာ လှည်းယာဉ်ကို ရပ်တန့်စေလျက် ကိုယ်တော်နှင့်အတူ ရည်ရွယ်ချက်ကြီးစွာ သယ်ယူပါလာသော ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ မြေပဲယို စသည်တို့ကို ရှင်ငယ်မောင်မယ် နှပ်ချေး တစ်သိုက်အား လောက်ငအောင် ပေးကမ်းတော်မူသော ဟူ၏။

ဤမြင်ကွင်းကို ပြန်ပြောင်းမိန့်သူမှာ ယနေ့ ကမ္ဘာကျော် သီတဂူဆရာတော် ဘုရားပင် ဖြစ်သည်။ ရန်ကုန် စွယ်တော်ဘုရားအနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် (ITBMU) တွင် ကျင်းပသည့် ပိဋကတ်နှင့် အင်္ဂလိပ်စာပေသင်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ရိုးရာစာသင်တိုက်ကြီးများမှ ပရိယတ္တိအကျော်အမော် ဂဏဝါစက ဆရာတော်ဘုရားများနှင့် မန္တလေး ရန်ကုန်သာသနာ့တက္ကသိုလ်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ပါမောက္ခဆရာတော်ကြီးများ တက်ရောက်ကြသည်။ အစီအစဉ်အရ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အမှာစကား လျှောက်ထားရ၏။ အစီအစဉ် သီးခြားမပါသော်လည်း ညွှန်ချုပ်ဟောင်း ဦးအုံ့မောင်က သံဃာတော်များ ပရိယတ္တိစာပေနှင့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု အားနည်းသည်မှာ အမှန်တကယ် မကြိုးစားလို့ ဖြစ်ကြောင်း၊ ဆွမ်းခံကြွလိုက်၊ ရေချိုးလိုက်၊ တစ်ရေးတစ်မော အိပ်လိုက်ဖြင့် တတ်လိမ့်မည် မဟုတ်ကြောင်း စသည်ကို အကြံပြု လျှောက်ထားခြင်းထက် ကဲ့ရဲ့ပြစ် တင်သံ အပြည့်ပါသော ဂရဟာဝါကျများကို ခပ်မာမာ လျှောက်ထားကာ စကား ကို နိဂုံးချုပ်၏။

ထို့နောက်တွင်မှ သီတဂူဆရာတော်ဘုရားတို့ အလှည့်ရောက်သော အခါ "ညွှန်ချုပ်ဟောင်း၊ ညွှန်ချုပ်သစ်တို့ရဲ့ ဩဝါဒကထာများကို ဘုရားတပည့်တော်များ နာကြားရပြီးနောက်"(သက်ဆိုင်သူတို့ မျက်နှာပျက်ကြလေပြီ။)

ဟု အစချီကာ မင်းကွန်း ဆရာတော်ဘုရားကြီး၏ မင်းကွန်းပြန် မြင်ကွင်းကို ထင်းထင်း မြင်အောင် မိန့်ပြ၏။

"သာသနာ့ထိပ်ခေါင်တင် မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးဟာ ကိုရင် နှပ်ချေးတွဲလောင်းလေးတွေကို မအော်မငေါက်ဘဲ ချီးမြှောက်တော်မူပေမယ့် တို့ဆရာအုံ့ကတော့ ဒီနေ့ ရောက်လာတဲ့ သာသနာ့ဦးသျှောင် ဆရာတော်ကြီးတွေ ရှေ့မှာ ငေါက်လိုက်တာ ငမ်းလိုက်တာဗျာ" ဟု ဥပမာ ဥပမေယျကို ပုံဖော်တော်မူဖူးလေသည်။

m g y o e . c o m

m.gyoe.com SAMPLE BOOK

ဤသို့ ဤနှယ် မင်းကွန်း ဆရာတော်ကြီးသည် သာသနာ့အနာဂတ်ကို မြော်ခေါ်ရာတွင် လူသားအရင်းအမြစ် အစစ်ကြီးဖြစ်သည့် ရှင်ငယ်ရဟန်းငယ်များကို ပိုးမွေးသလို မွေးခဲ့သည်၊ အလေးထားခဲ့သည်။ ရှင်ငယ်ရဟန်းငယ်များ၏ ဘက်မှသာ ရပ်တည်ခဲ့သည်။ မစိုးရိမ်တိုက်သစ် ဆရာတော် အရှင်ရာဇဓမ္မသည် မင်းကွန်း ဆရာတော်ကြီးကို အလွန်ကြည်ညိုတော်မူ၏။ မင်းကွန်းဆရာတော်ကြီးကဲ့သို့ပင် ရှင်ငယ် ရဟန်းငယ်များကို ကျင့်သုံးဆက်ဆံ၏။ သံဃာတော်များ ကျောင်းလာ လျှောက်သည့်အခါ "ကျောင်းက သတ်မှတ်ထားတဲ့ စည်းကမ်းတွေ လိုက်နာနိုင် ရင် နေလို့ရပြီ၊ ရဟန္တာတွေမှ ကျင့်နိုင်တဲ့ စည်းမျဉ်းတွေ ဆွဲမထားပါဘူးကွ" ဟု မိန့်မြွက်လေ့ရှိ၏။

မန္တလေး မြို့ပြင်လေးရပ် နေထိုင်ဖူးသူတိုင်း ဘုရားပွဲ၊ ဆွမ်းသိမ်းအလှူ စသည်တို့တွင် ရှေးရိုးရာ အစဉ်အလာမပျက် ကပြကြသည့် အငြိမ့်၊ ဇာတ်ပွဲများသို့ တိုးဝှေ့ကြည့်ရှုနေကြသည့် ရှင်ငယ်၊ ရဟန်းငယ်များကို မြင်ဖူး တွေ့ဖူးကြပေမည်။ မင်းကွန်းဆရာတော်ဘုရားကြီးအား လျှောက်ထားသောအခါ "ငါတို့ အရွယ် ရောက်ရင် ဝေါနဲ့ လာပင့်တောင် မကြည့်တော့ပါဘူးကွယ်" မိန့်မြွက်လျက် ခပ်မဆိတ်နေတော်မူ၏။ ဤသည်လည်း မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယထုံးကို နှလုံးမူခြင်းဟု နားလည်ရပြန်သည်။ မင်းကွန်းဆရာတော်ကြီးသည် ရဟန်းငယ် ဘဝ စစ်အတွင်းကာလက စစ်ကိုင်း၊ မင်းကွန်းသို့ စစ်ဘေးရှောင် ကြွတော်မူလာ သော မစိုးရိမ်ဆရာတော်ကြီးထံတွင် ပဋ္ဌာန်းစာဝါလိုက်ဖူး၏။ မစိုးရိမ်ဆရာတော် ကြီး မန္တလေးမှာ ရှိစဉ် ဦးအုန်း ဆိုသော ဒကာကြီးသည် သီတင်းဝါလကျွတ်သည့် အခါတိုင်း လာရောက် ကန်တော့လေ့ရှိ၏။

"မောင်အုန်းရေ မင်းက ဆရာတော်ကြီး ဖြစ်နေတဲ့ ငါ့ကို ပြစ်မှားဖူးမှာ မဟုတ်ဘူးကွ..။ ရှိခိုးစရာရှိရင် မင်းပြစ်မှားနေတဲ့ လေးပြင်လေးရပ်က ပွဲကြည့် တဲ့ ကိုယ်တော်တွေကိုသာ ကန်တော့ဟေ့ "

ဟု မိန့်ဖူး၏။ မိစ္ဆာဒိဋ္ဌိမဟုတ်သော လူငယ်သဘာဝလေးများကို ခွင့်လွှတ် ဖြေပေးကာ သာသနာ့အညှောက်လေးများကို ဓမ္မအငေါက် ပေါက်စေခဲ့ကြ၏။

သစ်ပင်ကောင်း ဟူသည် အနှစ်အသား တစ်ခုတည်းဖြင့် မစည်ပင်နိုင် ကြောင်း ခံယူတော်မူချက်ပင် ဖြစ်၏။ အကာအခက် အရွက်များဖြင့် စိမ်းစိုနေ သော သစ်ပင်အုပ်အုပ်ကြီးများတွင် အရိပ်အသီး အပွင့်တစ်ခုခု တန်ဖိုးတော့ ရှိနေ ပေလိမ့်မည်။ မင်းကွန်း ဆရာတော်ဘုရားကြီးသည် ရှင်ငယ်ရဟန်းများ စိတ် ငြိုငြင်လျှင် များစွာ ကြေကွဲတော်မူ၏။

ပထမဆုံးသော အာဒိကမ္မိက တိပိဋကဓရ ဖြစ်လာသည်နှင့်အမျှ

m.gyoe.com

mgyee.com SAMPLE BOOK

ပူဇော်ချီးမြှောက်မှုလွန်ကဲသော အကောင်းလောကဓံများကို ဆရာတော်ဘုရား သည် ရှောင်ရှားလေ့ရှိ၏။ နိုင်ငံအနှံ့က ပူဇော်ပွဲများကို လက်မြှောက်တော်မူ၏။ လွန်ကဲသော ချီးပမ္မမျိုးကိုလည်း ငြိမ်မိန်းကာ သာယာတော်မူသည် မဟုတ်။ မြစ်ဝကျွန်းပေါ်သို့ ဆရာတော် ကြွစဉ်က ဒကာကြီးတစ်ဦးက "ညက အိပ်မက်ထဲ မှာ ရဟန္တာကြွလာကြောင်း မြင်မက်ပါသည်။ ခု ဆရာတော်ဘုရား ကြွလာသည်နှင့် တိုက်ဆိုင်နေပါသည်" ဟု ဖွတ်အတင်း ကြည်ညိုလေရာ ဆရာတော်က မြင်းခြံ ဆေးပြင်းလိပ်ကို မီးညှိရှိုက်ဖွာလျက် "ရဟန္တာဆို ဒီလို အလုပ်မရှုပ်လောက်ပါဘူး ဒကာရယ်" ဟု ဖွတ်ဒကာကို ဖွတ်သာ ပြန်ပြင်းရှာလေ၏။ သံဃာ့မဟာနာယက အဖွဲ့ကြီး ပေါ်ထွန်းလာသောအခါ ပထမဆုံးသော အာဒိကမ္မိက အကျိုးတော်ဆောင် ချုပ် ရာထူးကြီးကို လက်ခံရပြန်သောအခါတွင်လည်း ထိုအကောင်း လောကဓံကြီး ကို အဆိုးလောကဓံနှင့် ရောနှောလျက် သည်းခံတော်မူရပြန်ရှာသည်။

( ၆ )

မည်သို့ဆိုစေ သူသည်လည်း မန္တလေးရောက် ရဟန်းငယ်တစ်ပါးအနေနှင့် ကံ ဉာဏ် ဝီရိယ စမ်းထောက်၍ ဆရာတော်ကြီး ခြေရာကောက်ရန်တော့ အပျော်တမ်း သဘော ကြိုးစားမိသေးကြောင်း ဝန်ခံရပါမည်။ သကျသီဟ စာသင်တန်းကို ဖြေဆိုဖူးသည်။ တိပိဋက စာမျက်နှာ ၄၀ ခန့် ကျက်ဖူးသည်။ ကဗျာ၊ ဝတ္ထုနှင့် အနုသုခုမများဘက် ညွတ်နေသောစိတ်က ပရိယတ္တိသမာဓိကို မထူထောင်နိုင်။

ကျက်ရသော စာများသည် သူ့အတွက် အခက် ဖြစ်သည်။ သို့အတွက် သကျသီဟနှင့် တိပိဋက ဆရာတော်များ၏ ဖွဲ့သတ္တိနှင့် သမာဓိကို ဦးညွှတ် ကြည်ညိုရပါသည်။

သကျသီဟ စာသင်တန်း တက်ရောက်နေစဉ်က တက်ရသော စာဝါ (၅) ကြိမ်ရှိပြီး ကျက်ရသော စာဝါ (၁၀) ဂါထာ ရှိသည်။ တစ်နေကုန် သဒ္ဒါကြီး သဒ္ဒါငယ်များ၊ အဘိဓမ္မာ ဋီကာများကို တက်ရောက်နေသည့်ကြားမှ ဂါထာ(၁၀) ဂါထာကို ညနေ အချိန်မီ ပြန်ဆိုကြရသည်။ နာယက ဘုန်းတော်ကြီး အရှင် ပညိန္ဒာဘိဝံသသည် စာသင်သားတစ်ပါးစီ စာပြန်သည်ကို သေချာနားထောင် သည်။ တစ်ခါတစ်ရံ အလုပ်များသည့် အချိန်မှာတော့ နှစ်ပါး၊ သုံးပါး တစ်ကြိမ် တည်း ပြန်စေသည်။ ထိုအခါမျိုးတွင် မပီတပီ စာဝါးချလို့ ရသည်။

မင်းကွန်း ဆရာတော်ကြီး၏ အမှတ်တရ ဒေ့သည်မှတ်တမ်းတွင် ရေးခြစ် ခဲ့သည်က စာမရသောကြောင့် ဝါးချမိသော နေ့တစ်နေ့တွင် ပေါ်သွားသည်။

mgyee.com

mgyoe.com SAMPLE BOOK

ဆရာဘုန်းတော်ကြီးအနီးတွင် စာသင်ဖက် ရဟန်းများ တစ်ပါးပြီး တစ်ပါး ချဉ်းကပ်ကာ ရိုကျိုးစွာ ပြန်ဆိုနေကြသည်။ သူက အကြံ့နှင့်မို့ ခပ်ခွခွာ ဦးကုန်းချကာ ဂါထာရွတ်ဆိုသည်။ ပထမတစ်ကြောင်း စီတော့ အသံကျယ်ကျယ်ရွတ်ပြီး ကျန်အပိုဒ်တိုင်းကို ရခဲ့ဖူးသော အဟောင်းများကို ဝါးဆိုသည်။ ဖြစ်ချင်တော့ အတူပြန်ဖက်ဦးဇင်းက အနီးမို့ ဝါးချရဟန် မတူ...။ စာထစ်နေသည်။ နောက်ဆုံး ထောက်မပေးမှ ရတော့မည့်ကိန်း အသံမထွက်တော့ချိန် ကိုယ့်ဇောနှင့် ကိုယ် မျောနေသောသူ့ကို သတိပြုမိသွားသည်။

"ဟကောင် ဝိစိတ္တ၊ ပြန်ဆိုစမ်း မင်း ဂါထာ..."

သူ ရသလောက် ပထမစာကြောင်းကိုပဲ ထပ်ကျော့နေရတော့သည်။

ရိုးသားမှုကို ပြပါမှ အထုအထောင်း သက်သာမည်။ ဝါးလို့ မဖြစ်တော့။

" မင်းက မင်းကွန်းဆရာတော်ကြီးစျာပနမှာ ရေးထားတုန်းကတော့ ဆရာတော်ကြီးလို ဖြစ်ချင်သလေး ဘာလေးနဲ့ ဂါထာလေး ၁၀ ပုဒ်တောင် ဝါးချနေသလား" ဟု ခပ်ရွဲ့ရွဲ့ ဆုံးမသည်။

" မှန်ပါ၊ ဆရာတော်ဘုရားကြီးက အန္တတ္တပါဘုရား...၊ တပည့်တော်က ရှင္ဓိပါဘုရား " ဟု ရှက်ရှက်နှင့် လျှောက်ရ၏။

မည်သို့ဆိုစေ ရဟန်းမြတ်ကြီးတစ်ပါး၏ အန္တတ္တဆည်းဆာပွဲကိုသွားရောက်ဖူးမြော်ခွင့် ရခဲ့ရာမှ လက်နှိပ်စက်လေး တစ်လုံးကို အားကျလိုချင်ခဲ့မိသည်။

စာလုံးလေးတွေ တဖြောက်ဖြောက် ရိုက်ထုတ်ချင်နေသည်။ ကြီးမြတ်သော ကျမ်းပြုအရှင်ဘဝကို မမျှော်မှန်းရဲသည့်တိုင် စာရေးဆရာ ဘဝလေးကို ကော်ပီကူးခဲ့သည်။ သကျသီဟနှင့် တိပိဋကအိပ်မက်များမှ နိုးထကာ မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ သာသနာ့တက္ကသိုလ် ကျောင်းသားတစ်ပါး ဖြစ်လာခဲ့သည်။

နှစ်ပေါင်းသုံးဆယ်ခန့်မျှ ကြာသောအခါ လက်နှိပ်စက်လေး မဟုတ်သော်လည်း ကီးဘုတ်လက်ကွက် တစ်ခုပေါ်မှ စကားလုံးများကို မော်နီတာမျက်နှာပြင်ဆီ ဝါကျများအဖြစ် ပို့လွှတ်နေသည်။

ခေါင်းစဉ် ဖတ်ကြည့်လိုက်တော့.... ရဟန်းတစ်ပါး၏ အန္တတ္တဆည်းဆာ......။

အဖြူရောင် ကျင်ငယ်ခွက်လေးလို ဂုဏ်သိက္ခာရှိဖို့တော့ သူ အလှမ်းဝေးနေပါသေးသည်။

*မြွေဂဏီ*

*(၄-၁၀-၂၀၁၈)*

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

သီတဂူ ဆရာတော်ဘုရားကြီး
ဒေါက်တာအရှင်ဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု (D.Litt)
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊
တွဲဖက်ရွှေကျင်သာသနာပိုင်၊

- မြန်မာသက္ကရာဇ် ၁၂၉၈ ခု၊ (၁၉၃၆) တပေါင်းလပြည့်နေ့ဖွား၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် စီရင်စု၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ဇာတိ ခမည်းတော် ဦးမောင်ညို၊ မယ်တော် ဒေါ်သန်းတင်။
- သဲကုန်း၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် ပေါင်မြို့များတွင် ပရိယတ္တိနှင့်ပဋိပတ္တိပညာများ စဉ်ဆက်မပြတ် လေ့လာခဲ့ရာ ယနေ့ သက်တော်(၈၀)ပြည့်သည့်တိုင် ဓမ္မအားလျော်သော နိုင်ငံတကာ အမြင်များကို ဆည်းပူးလျက်ရှိသော ထာဝရသောတုဇန။
- တိုင်းသား ပြည်သူတို့၏ လမ်းညွှန် ဆရာမြတ် မဟာရဋ္ဌဂုရု။
- မူလအသံတော်နှင့် ပင်ကိုဒေသနာ ဉာဏ်ပါရမီ ထူးခြားသော ဓမ္မကထိက အကျော်အမော်။
- ၂၁ ရာစု မြန်မာရဟန်းတော်များ၏ ကမ္ဘာ့သာသနာပြု ရှေ့ဆောင်။
- မြန်မာနှင့် ကမ္ဘာကို သာသနာ့တန်ဖိုးဖြင့် ဓမ္မအသိအကျင့် မြင့်စေလိုသော အရှင်။
- ပြည်တွင်းပြည်ပ ညီလာခံများ၊ ဓမ္မဖိုရမ်များတွင် မြန်မာရဟန်းတော် တစ်ပါး၏ အသံနှင့် သာသနာ့အလံတော်ကို ကျယ်ကျယ်လွှင့်ထူလေ့ရှိသော မဟာဓမ္မဝန်ဆောင်။
- ခေတ်မီမီ ကမ္ဘာကြည့်ကြည့်ကာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် များ တည်ထောင် ဖွင့်လှစ်လျက် ပရိယတ္တိ ပညာရေးလမ်းကြောင်း အသစ်ကြီးကို ချခင်း ပြတော်မူသော မထေရ်၊ လောကဟိတ လောကသုခအတွက် ခန္ဓာနှင့် အသက် မငဲ့ကွက်ဘဲ နေ့ညမပျက် ဆောင်ရွက်ဆဲ ဆရာတော်ကြီး။

mgyoe.com

mgyoe..com SAMPLE BOOK

## ရဟန်းတစ်ပါး၏ မိုင်နှုန်းမြင့် ဓမ္မဟိုင်းဝေး

### (သီတဂူ ဆရာတော်ဘုရားကြီးအား မလှမ်းမကမ်းမှ ဖူးမြော်ခြင်း)

(၁)

အလွမ်းသည် တစ်ခါတစ်ရံ၌ ဥပါဒါန်ဖြစ်၍ တစ်ခါတစ်ရံ၌မူ အိပ်မက် ဖြစ်လေသည်။ သူ့ဘဝတွင် အလွမ်းဓါတ်ခံ စိုစိုစိမ့်စိမ့် ဥပါဒါန်တသိမ့်သိမ့်ကြောင့် ဖြစ်ခဲ့ရသည့် အိပ်မက်ဘဝေါများစွာ ရှိခဲ့ဖူးသည်။ သူ့ ဥပါဒါနပစ္စယာ ဘဝေါ ဟူသည် စွဲလမ်းမှု ကြောင့် မွေးဖွားလာသော အိပ်မက်ပဋိစ္စသမုပ္ပါဒ် ဖြစ်လေသည်။

ထိုအိပ်မက်များက သူ့ကို သီတဂူလမ်းပေါ် တက်လျှောက်ရန် တွန်းပို့ခဲ့ပါသည်။ သူ့ငယ်ဘဝတစ်လျှောက်လုံး သီတဂူအိပ်မက်တဆုံး မျှော်ငေးနေခဲ့ဖူးသည်။ သီတဂူသည် ရာစုဟောင်း၊ ရာစုသစ် ဗုဒ္ဓသာသနာတော်နှင့် မြန်မာသံဃာ့အဖွဲ့အစည်း၏ စိတ်နှလုံးကို သိမ်းရုံးထားနိုင်ခဲ့ပြီးဖြစ်သော စံနှုန်းမြင့် လမ်းတစ်လမ်း ဖြစ်ခဲ့လေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

သီတဂူလမ်း ဟူသည် ယနေ့ကဲ့သို့သော ဒီမိုကရေစီ အပြောင်းအလဲနှင့် အပြုသဘောဆောင်သည့် အရွေ့ကာလကြီးဝယ် "ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ တိုင်းပြည်အလုံး၏ အမြတ်ဆုံးသော ဆရာအရှင်" ဟူသော ဂုဏ်အထူးဖြင့် ထိုက်တန်စွာ ပူဇော်ခြင်း ခံယူတော်မူရသော အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဒုတိယ ရွှေကျင် သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး၏ ဘဝ တစ်သက်တာလုံး မှုန်နေအောင် ဖောက်ခဲ့သော လမ်း၊ ဖုန်နေအောင် လျှောက်ခဲ့သော ဓမ္မဟိုင်းဝေး လမ်းမကြီးပါတည်း..။

ယခု ဝါကျကို ရေးမိပါမှ "သီတဂူဆရာတော်၊ သီတဂူဆရာတော်" ဟု ရင်းနှီးကျွမ်းဝင်စွာ သုံးနှုန်းရည်ညွှန်းနေမိဆဲသော အမည်နာမသည် သက်တော် ရှစ်ဆယ် အရွယ်တော်ရှိပြီ ဖြစ်သည့် ဗုဒ္ဓအရှင်၏ အလုပ်အကျွေး ဓမ္မဘဏ္ဍာ ဂါရိက မဟာထေရ်မြတ်ကို ချစ်ကြည်စွာ ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံးတို့ က "ရှင်အာနန်" ဟု နှလုံးသည်းပွတ်နှင့် နီးစွာ ခေါ်ဝေါ်မိသကဲ့သို့ ရှိကြောင်း သတိထားမိလေသည်။

သူ့ဘဝ ပရိယတ္တိအစပျိုးရာ အညာကျေးလက် မြို့ငယ်လေး၏ အလှူ တော်ပွဲ မှန်သမျှတွင် သီတဂူအရှင်မြတ်၏ "အသာရေ သာရမတိနော" အစချီ သော ဘဝတန်ဖိုး အသံတရားသည် ဟိန်းဟိန်းမြည်နေခဲ့ဖူးသည်။ ဘဝတွင် ကျက်မှတ်ခြင်းမရှိဘဲ နှုတ်ဝယ်ရွရွ ဆောင်မိရသော ဂါထာများစွာသည် သီတဂူ ဆရာတော်၏ အသံကြိုးခွေများမှတစ်ဆင့် သူတို့လို ရှင်ငယ်၊ ရဟန်းငယ်တို့၏ ရင်ဝယ် အလွယ်တကူ ကိန်းဝပ်စံပယ်လေတော့၏။

နှေဦးကာလ မြူထချိန်တွင် သီတဂူဆရာတော်ဟု မကျော်ကြားသေးမီ သပိတ်အိုင်အရှင်ဉာဏိဿရ၏ "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ဒေသနာစဉ်သည် နှလုံးကြေမွ လွမ်းမောဖွယ် ကောင်းလှ၏။ မဟာပရိနိဗ္ဗာန် စံဝင်ရာ ကုသိနာရုံသို့ တရွေ့ရွေ့တယဲ့ယဲ့ ကြွလှမ်းနေသော ဂိလာနဘုရားရှင်နှင့် နောက်တော်ပါးက တွဲထူ ကူမလျက် စိတ်ရှည်သည်းခံကာ ပြုစုလိုက်ပါနေသော အလုပ် အကျွေး ရှင်အာနန္ဒာတို့၏ နောက်ဆုံးဆယ်လခရီး မြင်ကွင်းသည် "အာနန္ဒ၊ ငါဘုရား၏ ထံတော်ပါး၌ ခစားလိမ္မာ ညီဘွားအာနန္ဒာ..." ဟု ဘုရားရှင်က ရှင်အာနန္ဒာအား တဖွဖွခေါ်ရင်း၊ မိန့်မှာရင်း ကြွသွားလေဟန် ဘာသာပြန်သော မဟာဓမ္မကထိက

mgyoe.com

mgyue.com SAMPLE BOOK

အရှင်၏ သူမတူသော ပါဠိအနက်ပေးဟန်တွင် ထင်ရှားပေါ်လွင်ကာ သောက လွင်ပြင်နှင့် သံဝေဂအမြင်ကို အချိုးညီအောင် ပေးသည်။ အလွမ်းလက်တို့ မျက်ရည် လည်း စို့စေသည်။

လကုဏ္ဍကဘဒ္ဒိယ အရှင်မြတ်ကို မြတ်စွာဘုရားရှင်က အသံသာခြင်း သရဘညဧတဒဂ်ဆုထူးပေးသည်ဟု အင်္ဂုတ္တရနိကာယ်ကို သင်ယူခဲ့ရစဉ် "သရဘည အသံဆိုတာ သီတဂူဆရာတော့် အသံလိုမျိုးနေမှာ" ဟု ကလေးအတွေး၊ ကလေး အမြင် တရားအလင်းဝင်ခဲ့ဖူးပြီ။

ရွာဦးကျောင်း ဆရာတော်သည် အလှူတစ်ခုဆီမှ လွှင့်ပျံလာသော သပိတ်အိုင် အရှင်ဉာဏိဿရ၏ တရားသံကို နာယူရင်း "ဓမ္မကထိက ဆိုတာ အဲသည်လိုရှင်းခနဲ လင်းခနဲ နေအောင်ဟောတတ်မှကွ" ဟုသူတို့ကိုရင်လေးများကို မိန့်မြွက်လမ်းပြရင်း ပို့ချလက်စ စာဝါကို သိမ်းလေသော ဟူ၏။

ထိုအခါမှ စသော သီတဂူလမ်း အိပ်မက်က တာဝတိံသာ ပင်လယ်က သစ်ပန်းလို လန်းသော်လည်း သူ့လို ကျေးလက် ရှင်ငယ်လေးတစ်ပါးအတွက် မြင်းမိုရ်တောင်တက်လမ်းလို ကြမ်းကောင်း ကြမ်းနေနိုင်လေသည်။

နှစ်လမ်း သုံးဖဝါးဖြင့်တော့ ဘယ်နည်းနှင့်မျှ မရောက်နိုင်....။

(၂)

ကွယ်လွန်ရှာလေသူ ဒဂုန်တာရာကြီး၏ရုပ်ပုံလွှာအဖွဲ့အနွဲ့နှင့် ဆရာကြီးပါရဂူ၏ ပရကထာ၊ ထေရကထာများနည်းတူ သီတဂူရုပ်ပုံလွှာများကို သူက ဖွဲ့ချင်သည်။ သို့သော် ဂုဏ်ဒြပ်ကြီးမားလှသော ထေရ်အရှင်များနှင့် ကျော်ကြားသူတို့ကို ခပ်ဝေးဝေးက လှမ်းငေးတတ်သော သူ့အတွက် တစ်ခါတစ်ရံ ဝါကျဆက်ရန် ခက်ခက် နေတတ်သည်။

နုပျိုသစ်လွင်သော ဓမ္မကထိက သဲကုန်း အရှင်ဉာဏိဿရကို ပထမဆုံး ဖူးတွေ့ကာ နာယူဖူးသည့် တရားက သမိုင်းဝင် တရားတစ်ပုဒ် ဖြစ်နေခဲ့ခြင်းကို မှတ်မှတ်ရရ ရှိနေသည်။ ၁၉၈၈ ခု အရေးတော်ပုံကြီးက သီတဂူဆရာတော်ကို ရာဇောဝါဒတရားဖြင့် ဓမ္မသတ္တိနှင့် ဗျတ္တ ပဋိဗလ ဟူသော ဂုဏ်ရည်ထူးရှိသူ

mgyue.com

mgyoe.com

ဓမ္မကထိကအဖြစ် ထင်ရှားစေခဲ့သည်။ မစိုးရိမ်ကျောင်းတိုက်ကြီး၏ နာရီစင်ရှေ့ ကွင်းပြင်တွင် သီတဂူဆရာတော် တရားဟောနေသည်။ သူက ကိုရင်လေးတစ်ပါးမို့ ပရိသတ်အစွန်အဖျားဆီမှ ဆရာတော့်အသံကို မှေးနာရင်း တိုးမပေါက်သော ပရိသတ်ကို ကျော်ကာ ဆရာတော့် ဥပမိကို ငေးရသည်။ ထိုတရားပွဲ ရာဇောဝါဒ ဒေသနာစဉ်တွင် ဥရောပတိုက်ရှိ အာဏာရှင်ဘုရင်ကြီး တစ်ပါးအကြောင်း ဟောတော်မူသည် ထင်၏။ စစ္စလီကျွန်း၊ စီရာကျူဘုရင် ဒိုင်အိုနီးရှပ်လေလား ...။

မည်သို့ဆိုစေ နိုင်ငံတကာခရီးများစွာက ပြန်ကြွလာသော ဓမ္မကထိက၏ နှုတ်မှ တစ်ခါတစ်ခါ ထုတ်ပြသော သိုးဆောင်းစကားလုံးအချို့ကို သူလည်း ရွတ်ချင်လာမိ၏။

"ပရိသတ်ကြီးရေ ဘုရင်ကြီးတွေက ဆိုးသော၊ ပို၍ ဆိုးသော၊ အဆိုးဆုံးဖြစ်သော ဆိုတာတွေပဲ တက်တက်လာကြတယ်" ဟု မိန့်ရင်း ဝိသေသနပုဒ်များကို အင်္ဂလိပ်လို ပြန်ရွတ်သည်။ ထိုစကားပရိယာယ်များကိုမူ မမှတ်မိတော့..။

ဒုတိယအကြိမ် ဆရာတော့်ကို ဖူးရကံ ကြုံလာပြန်သည်။ ရှစ်လေးလုံး အရေးတော်ပုံကြီး၏ နောက်ပိုင်းကာလများတွင် အသစ်မဟုတ်ဘဲ မဆလခေတ် ကျင့်သုံးမြဲထက်ပိုသော စစ်အာဏာရှင်စနစ်က ပရိယတ္တိစာသင်သားတို့၏ ဥကို ခွဲကာ အသိုက်ကိုလည်း ဖျက်လိုက်သည်။ သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနသပိတ်မှောက် ကံဆောင်မှုနှင့်အတူ စာသင်တိုက်ကြီးများ ဖြိုခွဲခံရသည်။ စာသင်သားများစွာ မြို့ပြကို စွန့်ကာ လေလွင့်ပျက်သုဉ်းသွားကြသည်။

သူသည်လည်း ပထမကြီးတန်း တဖုန်းဖုန်းကျကာ အထက်အညာ ကောလင်းမြို့လေသာပရိယတ္တိစာသင်တိုက်လေးတွင် တစ်နှစ်တာ ခိုရင်း ထိုအချိန်က ခေတ်ကို ဖမ်းစားထားသော မောင်စိန်ဝင်း(ပုတီးကုန်း)၏ "တွယ်တာလှပေမယ့် ကွယ်ရာကပဲ ချစ်တော့မယ်" သံယောင်လိုက်ကာ ကာဗျဝိဒူဟန် ဖမ်းနေခဲ့ဖူးသည်။

တစ်ခုသော ရက်တွင် ထိုစာသင်တိုက်၏ စနေထောင့်ရှိ သန့်ဇင်ဝင်း ဓမ္မာရုံကြီးက အရှင်ဉာဏိဿရ၏ ဓမ္မသဘင်နှင့် ဘဝကထာပွဲအတွက် ခမ်းနားစွာ ဝှဲချီးခင်းကျင်းထားလေသည်။ ထိုနေ့ညနေ တရားပွဲ မစမီ ဓမ္မကထိကအကျော် အမော် ဟူသည် အဘယ်သို့နည်း ဟူသော ပုစ္ဆာကို ကိုယ်တိုင်မေးကာ ဓမ္မာရုံ

mgyoe.com

m g... LE BOOK

အနီးတွင် ဆောက်လှူထားသော သုတဗုဒ္ဓကျောင်းဆောင်မှ ထွက်ကာ ဓမ္မဥယျာဉ်ထဲ စင်္ကြံကမ္မဋ္ဌာန်း စီးဖြန်းတော်မူသော သီတဂူဆရာတော်ကို ခိုးကြည့်ခဲ့ဖူးသည်။ တစ်မြို့လုံး၊ တစ်နယ်လုံး သိမ့်သိမ့်တုန်မျှ လာရောက် တရားနာယူကြသော ပရိသတ်ဗိုလ်ထုကြီးကို ငေးမောရင်း "ငါလည်း ဖြစ်ချင်စမ်းပါဘိ" ဟု စိတ်ကြွက်သား လက်တစ်သစ်ကို ညှစ်၏။

တတိယအကြိမ်နာယူခွင့်က ဒုတိယမြောက် မစိုးရိမ် စာသင်သားဘဝကို ခံယူစဉ် ဖြစ်ပါသည်။ စိန်ပန်းရပ် သပြုံးဓမ္မာရုံမှ အသံစွာသော ဂေါပကဒကာကြီးသည် သီတဂူဆရာတော် တရားဟောမည့်အကြောင်းကို ဝါကျနှစ်ကြောင်းမျှဖြင့် ကြေညာနေလေ၏။ သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရ၏ နောက်ဖျားတွင် သာသနဓဇဓမ္မာစရိယထက် မပိုလေ။ သကျသီဟဓမ္မာစရိယတို့ဖြင့် တန်ဆာဆင်အပ်သော မန္တလေး ရတနာပုံနေပြည်တော်ကြီး၏ သာသနာ့နံရံတံတိုင်းကြီးအထပ်ထပ်ကို ပွဲတင်ထပ်စေသော ရဲတင်းလှသည့် သီဟနာဒအသံသည် သူ့အိပ်မက်ကို တစ်ဖန်လှုပ်နှိုးပြန်လေ၏။ မစိုးရိမ် မဟာနာယကဆရာတော်များသည် သဘောထားကြီးစွာ သီတဂူဓမ္မကထာ နာယူကြရန် တပည့်များကို အခွင့်ပေးလေ၏။

စတုတ္ထအကြိမ်ကတော့ နန်းတော်ရှေ့ သာသနာ့တက္ကသိုလ် ဝါကျများ ရေးခြစ်နေချိန် ဖြစ်သည်။ ဘာသန္တရနှင့် ဂန္ထဝင်မော်ဒန်စာပေ ဘုတ်အုပ်များတွင် သက်ဝင်ကာ ကိုယ်ပိုင်အိပ်မက်တိတ္ထုံကျမ်းကြီး ပြုစုနေသည်မို့ သီတဂူဆရာတော်၏ တရားပွဲများသည်သူ့လို စာရှူးပေရူး ဘိုစာရူးကာ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်ဓာတ်ဝင်ခန်းကို မျှော်တလင့်လင့်ဖြစ်နေသော ရဟန်းငယ်တစ်ပါးအတွက် အားတက်ဖွယ်ရာ ဖြစ်လေသည်။ နောက်ပိုင်း နည်းပညာခေတ်ကြီးအတွင်းမှာတော့ ဆရာတော့်အသံလှိုင်းများက စကြဝဠာလေဟာနယ်တံတိုင်းက နားရှိသူတို့ ကြားစေသတည်း ဖြစ်လာတော့သည်။

သီတဂူဆရာတော်သည် သက်ရွယ်တော် ရလာသော်လည်း ဓမ္မအသားတွင် ခေတ်၏ အသံစကားများ ညှပ်၍ မိမိကိုယ်ကိုယ် ရာစုသစ်နှင့် ကိုက်အောင်မွမ်းမံခြင်း (Up-Date) လုပ်နိုင်စွမ်းသော ဂုဏ်ရည်ကို သတိထားမိလာသည်။

ပါဠိစာပေကျွမ်းကျင်မှုတွင် ဘာသန္တရအရည်အသွေးကို ထပ်ဖြည့်သည်။

mgyee.com

 mgoe.com SAMPLE BOOK 

နိုင်ငံတကာအမြင်ဒဿနဖြင့် သာသနာပြုလုပ်ငန်းများ တစ်ခုပြီး တစ်ခု တိုးချဲ့တော်မူသည်။ လူမျိုး၊ ဘာသာ နယ်နိမိတ်အကန့်အသတ်မဲ့ ဖြပ္ပဒှစိုရ်တရား အကြီးအမှူးထားသော ဆေးရုံတော်၊ ရေအလှူတော်၊ ပညာဒါန၊ ဓမ္မပြန့်ပွားရေး၊ နိုင်ငံတကာအဆင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပရောဂျက်စသောရွှေရောင်တောက်ပလှသော သာသနာ့သမိုင်းအသစ်များစွာကို ဝီရိယကြီးစွာ ရေးထွင်းတော်မူသည်။

သီတဂူလမ်းများကို မျှော်တွေးတိုင်း သူ့လို သာမန်ရဟန်းငယ်တစ်ပါး အတွက် ဝေးလှပါပကော ဟု အားမငယ်မိ..။ မမီမကမ်း ဖြစ်ချင်ဖြစ်မည်။ မီချင်မှလည်း မီမည်။ သို့နှင့် သီတဂူလမ်းမကြီးပေါ်မှ မဟုတ်သည့်တိုင် တူရာ တူရာ လမ်းသွယ်လေးတွေကို တိုးတိုးဝှေ့ဝှေ့ လျှောက်ဖြစ်ခဲ့သည်။

သို့သော်ဆရာတော့်ခြေလှမ်းကသွက်လွန်းသည်။သိုင်းလောကစကားဖြင့် ဆိုရလျှင် ကိုယ်ဖော့ပညာက အတုမဲ့ဖြစ်ချေပြီ။ ငယ်စဉ်က အတွဲလိုက် ဖတ်ခဲ့ဖူးသော နဂါးနိုင်ဓား ဝတ္ထုဘုတ်အုပ်ထဲမှ ကျန်းဝုကျိလို ကျောက်စိမ်းကေရာဇ် သိုင်းကျမ်းနှင့် နေလစကြာ အတွင်းအားကို ကျင့်ထားမှ ရတော့မည်။

## ( ၃ )

သီတဂူဆရာတော်ကြီး၏ အရိပ်ကို ခိုလှုံကြသူ ရဟန်းတော်အများစုက သူ ပညာ သင်ယူခဲ့ရာ စာသင်တိုက်၊ သို့မဟုတ် တက္ကသိုလ်စာသင်ဖက်များ ဖြစ်နေခြင်း ကြောင့်လည်း သီတဂူဆရာတော်ကြီး၏ စိတ်နေစိတ်ထားနှင့် အပြုအမူများကို ကြည်ညိုအားကျဖွယ်ရာ ကြားရတတ်သည်။ တပည့်သာဝကများကို ချီးမြှောက်ပုံ၊ နေရာချထားပုံနှင့် ကျောင်းတိုက်ကြီးများနှင့် ပတ်သက်သော အုပ်ချုပ်ရေး စသော စီမံခန့်ခွဲမှု သမာနတ္တတာသင်္ဂဟတရား ကြီးမားပုံတို့ကို ထိုမိတ်ဆွေ ရဟန်းတော်များထံမှ ဥပစာရိတ်၊ ဥပလက္ခိတ် ဆောင်ယူမှတ်သားရပေ၏။

လမ်းသွယ်လေးများအတိုင်း လျှောက်ရင်း သီတဂူဆရာတော်ကြီး တည့်တည့်မတ်မတ်ကြွလာသော လမ်းဆုံများတွင် သူကိုယ်တိုင် ဖူးတွေ့ခွင့် ကြုံ လာရပါသည်။ ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗုဒ္ဓဓမ္မမဟာဝိဇ္ဇာတန်း ကျောင်းသားတစ်ပါးအဖြစ် သီတဂူဆရာတော်ကြီး၏

mgoe.com

m gyoe SAMPLE BOOK

အထူးပို့ချချက်ကို နာယူခွင့် ရပါသည်။ သိုင်းခယူး အဝိဇ္ဇာ (Thank You, Avijja) ဟူသော အသံတော်ဟိန်းဟိန်း ကြီးဖြင့် အရွှန်းဖောက်တော်မူသည်ကို ဟာသရသ ခံစားကြရ၏။

နောက်နှစ်များမကြာမီ သူက အိန္ဒိယနိုင်ငံ ဗာရာဏသီ သက္ကတ တက္ကသိုလ် ကျောင်းသားအဖြစ် မဟာဝိဇ္ဇာတန်းနှင့် ပါရဂူတန်းများတက်ရင်း အိန္ဒိယနိုင်ငံလုံး ဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးအဖြစ် မဲပေးရွေးချယ်ခြင်းခံရသည့်အတွက် သီတဂူဆရာတော်ကို အနီးမှ ဆည်းကပ်ခွင့် ရလာသည်။ နာမည်ကျော် နာလန္ဒာတက္ကသိုလ်ကြီးက ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ကမ္ဘာကျော်ပုဂ္ဂိုလ်သုံးဦးအား ဆက်ကပ် လေသည်။

ထေရဝါဒအကျော်အမော် ဓမ္မကထိက သီတဂူဆရာတော်ကြီးနှင့် မဟာယာနအကျော်အမော် တရားပြဆရာ ဗီယက်နမ်ဘုန်းတော်ကြီးသစ်နက်ဟန် (THICH NHAT HANH) တို့ ဖြစ်လေသည်။ ထိုပွဲကြီးတွင် အိန္ဒိယပြည်ရောက် မြန်မာရဟန်းတော်များ ခြံရံ ကြွရောက်တော်မူသည့် သီတဂူဆရာတော်ကြီး၏ အသရေတော်သည် အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံတကာ မျက်လုံး တို့အလယ်တွင် ခန့်ညား တင့်တယ် ဘိတော့၏။

သီတဂူဆရာတော်ဘုရားကြီးအား အဖွဲ့ပိုင် ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်သို့ ပင့်ဖိတ်၍ ဩဝါဒနာယူကြရ၏။ “ငါ့ရှင်တို့၊ ရေကြည်ရာ မြက်နုရာ ချည်း ရှာဖွေမနေကြဘဲ ရေနောက်နေတဲ့နေရာတွေ ရေကြည်အောင်၊ မြက်ကြမ်း နေတဲ့ နေရာတွေ မြက်နုအောင် ဆောင်ရွက်ပေးတော်မူကြပါလို့ တို့များ တိုက်တွန်း ပါတယ်” ဟူသော ကထာစကားသည် နာကြားရသူ ရဟန်းတော်တို့၏ နှလုံး သည်းပွတ်ကြားသို့ စီးသွားစိမ့်ဝင်ခဲ့လေ၏။

၂၀၀၉ နှစ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်ကြီးများ ညီလာခံကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူလျက်ရှိသော သီတဂူဆရာတော်ကြီး ဦးဆောင်လျက် ကျင်းပသည်တွင် သူအပါအဝင် အိန္ဒိယပညာသင် ရဟန်းတော် ဆယ်ပါးအား ချီးမြှောက်ဖိတ်ကြားသဖြင့် ပါဠိစာပေဆိုင်ရာစာတမ်းတစ်စောင် ဖတ်ခွင့်ရလေသည်။ ဆရာတော်ကြီး၏ စိတ်ရှည်ဖွဲ့သန်ခြင်းထက် ပိုလွန်သော သာသနာပြုအားမာန်တို့ကို ထိုပွဲကြီးတွင် အနီးကပ်ကြည်ညိုရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


၂၀၁၀ ပြည့်နှစ်တွင် ဗာရာဏသီ သက္ကတတက္ကသိုလ်၊ ဗုဒ္ဓဒဿန(Buddh Darshan) ဌာနတွင် ပါရဂူကျောင်းသားအဖြစ် ကျမ်းပြုရန် စာဖတ်နေစဉ် တိဘက် ဒလိုင်လားမားဘုန်းတော်ကြီးနှင့် အိန္ဒိယနိုင်ငံ ပထမဆုံးဝန်ကြီးချုပ် ဂျဝါဟာလာ နေရူးတို့ဖွင့်လှစ်ထားသည့် ဗာရာဏသီဗဟိုတိဘက်လေ့လာရေးတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် ပါဠိစာပေနှင့် ထေရဝါဒအဘိဓမ္မာ ပို့ချပေးရန် သူ ဖိတ်ကြား ခံရသည်။ ဗာရာဏသီ ဆေးဝက်ပါကျောင်းသို့ ဆရာတော် ကြွလာခိုက် အဖူးအမြော် ဝင်ရာ အများက မိတ်ဆက်ပေးကြသဖြင့် "အေး... ကုလားပြည်မှာ ပညာသင်ဖို့ပဲ လာနေကြတာ များတယ်၊ ငါ့ရှင်က ပညာသင်ပေးတဲ့ဆရာမို့ ငါတို့ ကွန်ဂရက်ကျူ လေ့ လုပ်ပါတယ်" ဟု မုဒိတာစကား မိန့်မြွက်၍ ဆရာတော် ပြုစုသည့် ကျမ်းစာများ နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ထုတ်ဝေသည့် ဘုတ်အုပ်တော်များကို ချီးမြှင့် တော်မူလေသည်မှာ ဘဝခရီးအတွက် ကြီးစွာသော ခွန်အား ဖြစ်လေသည်။

(၄)

၂၀၁၂ ခုနှစ်တွင် သီတဂူဆရာတော်ဘုရားသည် အမေရိကတိုက်ကြီးတွင် ထေရဝါဒဗုဒ္ဓသာသနာ၏ ဗဟိဒ္ဓအဆင်အသွေးကို မိတ်ဆက်ပေးရန် ဟူသော အကြံတော်ဖြင့် တက္ကဆပ်ပြည်နယ်၊ အော်စတင်မြို့၊ သီတဂူဗုဒ္ဓဝိဟာရတွင် ပုဂံမှ လက်ရာ ရွှေစည်းခုံစေတီ ပုံတူနှင့်တကွ ဇရပ်တန်ဆောင်း ပြသာဒ်ကျောင်းတို့ကို တည်ထားပြီး၍ ဖွင့်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူရန် စီစဉ်လျက် ကမ္ဘာအရပ်ရပ် မှ ထေရ်သံဃာနှင့် ရဟန်းငယ်တို့ကို ဖိတ်ကြားတော်မူသည်တွင် အိန္ဒိယ၊ မြန်မာ သံဃာကိုယ်စားပြု ရဟန်းတော်အဖြစ် သူနှင့်အတူ ငါးပါး အရွေးချယ်ခံရပြန် လေ၏။ သို့သော် ထိုခရီးစဉ်သည် အကြောင်းကြောင်းသော အကြောင်းကြောင်း ကြောင့် ရှေ့သို့ မတိုးနိုင် ဖြစ်ခဲ့ရသည်။ ဆရာတော်ဘုရားကြီး၏ "ဆောရီးပဲ ငါ့ရှင်တို့" ဟူသော ဝါကျတို မိန့်မြွက်သံကိုသာ နာခံလျက် ဦးလည်မသုန် ဒေါ်လာ ကုန်ခြင်းကို မမှုတမ်း သီတဂူလမ်းကို လိုက်ကြလေကုန်သတည်း။

မည်သို့ဆိုစေ သူသည် စိတ်ကို ဗို့အားတင်၏။ သီတဂူလမ်းအတိုင်း ကမ္ဘာတစ်ဝန်း လမ်းဖောက်၏။ ဩစတြေးလျတွန်းဖွင့်ကာ ဥရောပကို ဝင်၏။

mgyoe.com

mgyoe.com SAMPLE BOOK


အရှေ့တောင်အာရှကို ခရီးသွားဟန်လွှဲ ဆွမ်းစား ရောဘုဉ်း၏။ သို့နှင့် အမေရိကန်ပြည်ထောင်စုမှ ရဟန်းအမသည် "ဘယ်နိုင်ငံရောက်ရောက် အမေရိကန်ထုတ်ချောက် မျက်မှောက် မပြုသေးသမျှ ပစ္စုပ္ပန်၊ သံသရာဆင်းရဲက မလွတ်သေး" ဟူ၍ ကြံစည်ထားသည့်အလား ပင့်ဖိတ်စာတစ်စောင် ပို့လိုက်လေတော့၏။

သြစတြေးလျနှင့် ဥရောပနိုင်ငံ အရပ်ရပ် လှည့်ပတ်ပြီးသော်လည်း အင်္ဂလန်ဗီဇာကို မဝင်သာအောင် ကြီးကျယ်ချင်တိုင်း ကြီးကျယ်ကြလေသော အခါသမယကို ဖြတ်သန်းခဲ့ပြီးသည့် သူ့အနေဖြင့် အမေရိကန်သံတဲကို ဝင်ရန်ဖိတ်စာနှင့် ဘဏ်တိုက်ပြေစာ အဖုံဖုံကို ရပြီးသည့်တိုင် ရွှေပြည်ကြီး၏ အထင်ကရမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ဖေးဘရိတ် (Favorite) ဖြစ်တော်မူသော သီတဂူဆရာတော်ကြီး၏ လက်မှတ်တော်ပါ သာသနာ့တံဆိပ်ခတ်နှိပ်ရလျှင် ကောင်းလေစွ ဟူသော အကြံရှိသဖြင့် သီတဂူ နိုင်ငံခြားရေးဌာနတာဝန်ခံ ရှင်ဝိသုတ၏ မေတ္တာတော်ပိုခြင်းကို ခံယူရပြန်၏။

ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကာ ပျံသန်းလာသော လေယာဉ်ကြီးသည် နယူးယောက်မြို့၊ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်သို့ ဆိုက်ကပ်လေသည်။ သူ့လက်ထဲတွင် သီတဂူဗုဒ္ဓဝိဟာရ၏ ပင့်ဖိတ်စာ ရှိနေသည်။ သို့သော် သီတဂူဒေါက်တာအရှင်ဩသဘောရ၊ သီတဂူအရှင်တိက္ခဉာဏာလင်္ကာရနှင့် အရှင်အနိရုဒ္ဓာလင်္ကာရတို့၏ မင်နီဆိုတာပြည်နယ်၊ သီတဂူဓမ္မဝိဟာရ မေပယ်ရွက်ပြောင်းချိန် သင်္ချတတရားနှင့် သီတဂူဒေါက်တာအရှင်စန္ဒသီရိနှင့် သီတဂူအရှင်ကာရုဉာလင်္ကာရတို့၏ ဖလော်ရီဒါပြည်နယ်၊ သီတဂူသံဃဝိဟာရမြက်ခင်းစိမ်းချိန်များဆီသို့သာ ရောက်ဖြစ်တော့သည်။ ဖိတ်စာတခြား၊ ပွဲတခြား ဆိုသော်လည်း အိပ်မက်တခြား၊ အလွမ်းတခြား မဖြစ်ခဲ့...။

အာဂန္တုကဝတ် ကျေလွန်းသော သီတဂူအရှင်မြတ်တို့သည် "အက်တီကက်တို့၊ ယဉ်ကျေးမှုတို့ မလိုပါဘူးဗျ" ဟူသော ခေတ်ဟောင်းရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်း၏ ဗိုလ်အောင်ဒင် ဇာတ်လမ်းကို နားထောင်စရာ မလို..။ သီတဂူဆရာတော်၏ မျက်နှာတော်ကို လှမ်းငေးလိုက်ရုံသာ..။

သီတဂူဆရာတော်ဘုရား ဖောက်ခဲ့လှမ်းခဲ့ပြီးသော ဓမ္မဟိုင်းဝေးလမ်းမကြီးက ရွှေပြည်ကြီးသား စိတ်အင်ဂျင်ငယ်ဖြင့် လွယ်လွယ်တက်နိုင်ပါ့မလား.. သူ စဉ်းစားနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မောင်ဖိုးဇော်... ဆိီဈေးတက်နေသလား....။

မောင်းတော့ မောင်းရမှာပဲကွာ...။

သီတဂူလမ်းက မိုင်နှုန်းသတ်မှတ်ချက် ရှိနေပါသည်။

မြန်လျှင် ရှေ့ဝင်...။

နှေးလျှင် ဘေးကပ်...။

*ဓမ္မဂဂီ*

*(၄-၂-၂၀၁၇)*

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ပခုက္ကူ အရှင်ကေလာသ
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ B.A (ဂုဏ်ထူး)
အဂ္ဂမဟာပဏ္ဍိတ၊

- (၁၉၃၀-၁၉၉၂) သက္ကရာဇ် ၁၂၉၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့ဖွား၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ကန်ရပ်ရွာဇာတိ၊ ခမည်းတော် ဦးဘရှိန်၊ မယ်တော် ဒေါ်လှပို။
- မြို့၊ ပခုက္ကူ၊ မန္တလေးနှင့် သီရိလင်္ကာနိုင်ငံများတွင် ပညာဆည်းပူးသော ကျမ်းပြုသုတေသန ပညာရှင်။
- ရာနှင့်ချီသောကျမ်းဂန်များကိုလက်နှိပ်စက်တစ်လုံးဖြင့်တစ်ဘဝလုံး ပုံ၍ ပြုစုတော်မူခဲ့သော အံ့မခန်း ဝီရိယပိုင်ရှင်...။
- သီဟိုဠ်ပြန် မြန်မာရဟန်းတော်များထဲက ထင်ရှားသောပုံရိပ်ဖြင့် ပင်လယ်ရပ်ခြားပညာတော်သင်ဘဝကို မျိုးဆက်သစ် ရဟန်းငယ်တို့အား အားကျဖွယ် လမ်းပြခဲ့သော ဆရာတော်...။ ပါဠိ၊ သက္ကတနှင့်ဘာသန္တရအထွေထွေကျမ်းကျင်၍တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရေး ဦးဆောင်မှုပေးခဲ့သူ အရှင်တစ်ပါး....။

mgyoe.com

mgyoe.com SAMPLE BOOK

# ရဟန်းတစ်ပါး၏ ဘဝလုံးပုံ၍ ချစ်အပ်သော ဓမ္မသုတေသနခရီး

(သုတေသနကျမ်းပြု ပခုက္ကူ အရှင်ကေလာသ၏ ခပ်ဝေးဝေးပုံရိပ်)

## ( ၁ )

ပညာရပ်အသစ်အသစ်တို့ ရှာမှီးရသော သုတေသီတို့ ဘဝတက်လမ်း မရှိသော တိုင်းပြည်တွင် သုတေသနလုပ်ငန်းသည် ခန်းခြောက်ရမြဲ ဖြစ်သည်။ သုတေသန (Research) နှင့် ကင်းသော လူ့အဖွဲ့အစည်းသည် ကြီးပွားမှုဝုဒ္ဓိ (Development) နှင့် ယှူဇနာများစွာ ဝေးကွာနေတော့သည်။

ကမ္ဘာဦးက မြေဆီမြေလွှာကို လျှာဖြင့် တို့ထိသော လူသတ္တဝါသည် သုတေသန၏ဘိုးအေကြီးဖြစ်သည်။ သမားရိုးကျသမားတို့က လျှပ်ပေါ်သူကြီးဟု သမုတ်ကြသည့်တိုင် ယနေ့နည်းပညာခေတ်ကြီး၏ လမ်းပြအစစ် ဖြစ်ခဲ့လေပြီ။ ရိုက်ညီနောင်၏ လျှပ်ပေါ်ခြင်းကြောင့် ကမ္ဘာ့အာကာသကြီးသည် မော့ကြည့်ခံ ကောင်းကင်အဖြစ်မှ အသုံးချလေဟာနယ်ကြီး ဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သဘာဝမိုးနှင့် လျှပ်စစ်မီး နှစ်မျိုးကို တွေ့ရှိသည်နှင့် ကမ္ဘာသည် ခေတ်ကြီးလေးပါးကို စေစားနိုင်သော အစွမ်းကြောင့် နတ်ပြည်အတုကိုပင် ဖန်တီးနိုင်တော့သည်။ လွတ်လပ်သော တက္ကသိုလ်ကြီးများ၏ ဖွားဖက်တာဝန်သည် သုတေသနလုပ်ငန်း ဖြစ်သည်။ တစ်ဦးချင်း သုတေသနမှသည် အစုအဖွဲ့သုတေသနအဖြစ် တိုးတက်ဖွံ့ဖြိုးလာသောအခါ တက္ကသိုလ်ဟူ၍ ဖြစ်လာရသည်။

ငယ်စဉ်ကတည်းက ရွေ့လျားသော သက်ရှိ တက္ကသိုလ်ကြီး (Mobile Living University) ကို သူ မြင်သည်။ အမှန်တကယ် သက်ရှိပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့်သာ ရွေ့လျားဟူ၍ သုံးနှုန်းမိခြင်းဖြစ်သည်။ စာပေသမာဓိတရားဖြင့် အရွှေအပြောင်း နည်းလှသည်ကို စိတ်အမှန်းဖြင့် လှမ်းမျှော် ကြည်ညိုမိရသည်။ ခေတ်ဟောင်းလက်နှိပ် စက်သံ တချက်ချက်ဖြင့် တက္ကသိုလ်ကြီးတစ်ခု၏ တာဝန်ကို ထမ်းဆောင်နေသည်။ သုတေသနစာတမ်းနှင့် ကျမ်းစာအစောင်စောင်သည် ထိုလက်နှိပ်စက်လေး၏ ရိုးရှင်းသော လက်ကွက်ထဲမှ ထွက်လာသည်။ သုတေသနနှင့် သာသနာ့ဂန္ထဝင် ကျမ်းပေါင်းများစွာကိုပြုစုတော်မူသည့် ပခုက္ကူ အရှင်ကေလာသသည် တက္ကသိုလ်ကြီးတစ်ခု ဖြစ်ပါသည်။

( ၂ )

သူသည် ပင်ကိုရေးရသစာပေကို နှစ်ခြိုက်မွေ့လျော်ကာ ဖန်တီးနေသည့်တိုင် ကျမ်းပြုဆရာများစွာကို အားကျမော့ကြည့်သည်။ ပုဂံခေတ်ဦးမှသည် ယနေ့ပစ္စက္ခအထိ ကျမ်းပြုဆရာများစွာ၏ စာပေစာတမ်းနှင့် ဘုတ်အုပ်များစွာကို ကျမ်းလုံးကုန်စင်အောင် မဖတ်နိုင်သည့်တိုင် ကျမ်းနောင့်ရွှေစာလုံးနှင့် မာတိကာနိဒါန်းမျှတော့ စောကြောသည်။

မြန်မာစာအရေးအသားသက်သက်ဖြင့် လူနားလည်အောင် ရေးစွမ်းနိုင်သော လယ်တီဆရာတော်ကြီးနှင့် ဦးဖိုးလှိုင်၏ ကျမ်းစာများ၊ အခြားအခြားသော ရွှေကျင် သုဓမ္မာစသော ဂိုဏ်းအသီးသီးမှ ဆရာတော်ကြီးများပြုစုသော ဘုတ်အုပ်ထူထူကြီးများသည်လည်း တို့ထိကိုက်ဖဲ့ချင်စရာ ဓမ္မသုတတို့ဖြင့် အရည်ရွှမ်းနေသည်။ လူ့ပညာရှိနှင့် သုတေသနပညာရှင်အသီးသီးတို့၏ ရာဇဝင်သမိုင်းကျမ်းအစောင်စောင်နှင့် ဘာသာရပ်နယ်ပယ်ဆိုင်ရာ ထူထူထဲထဲ စာအုပ်ကြီးကို ဟိုပဲ့ဒီဒီ လှန်လှောကာ ခေါင်းအုံးအိပ်သည်။

mgyoe.com

mgyoe.com

ရှေးခေတ် မြန်မာရဟန်းစာဆိုနှင့် လူပုဂ္ဂိုလ်ကြီးများ၏ အားထုတ်မှု စွမ်းပကားက မြင့်မားလှသည်။ ယနေ့ခေတ်လို တက္ကသိုလ်ကြီးများတွင် ပညာဆည်းပူးရခြင်းမျိုး မရှိဘဲ ကွန်ပြူတာနည်းပညာနှင့် ဝေးကွာလှသော ပဝေသဏီကာလကပင် သဒ္ဒနီတိလို မဟာသုတေသနကျမ်းကြီးကို ရှင်အဂ္ဂ ဆိုသော ရဟန်းတစ်ပါးက ပုဂံဘုရားကျောင်းတစ်နေရာတွင် ပေကညစ်ဖြင့် ရေးခြစ်ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။

ပညာရှင် များစွာ စုဝေးတိုင်ပင် ငြင်းခုံရှင်းပြုစုရသော အောက်စ်ဖို့ဒ် တက္ကသိုလ်၏ အင်္ဂလိပ်အဘိဓာန်ကျမ်းကြီးကိုပင် လက်သီးလက်မောင်း တန်းနိုင်သောအဘိဓာန်ဋီကာ ကျမ်းကြီးကိုလောကနီတိဆရာ့စတုရင်္ဂဗလအမတ်ကြီးက ချစ်သူသက်လှယ်နှင့် “မောင်ရယ် မယ်ရယ်၊ ဒယ်ဒီရေ မာမီရေ” စိန်ပြေးတမ်း ကစားရင်း ကြီးလေးသော ဘုရင်မင်းမြတ် အတိုင်ပင်ခံကြီးအဖြစ် ပင်းယ နေပြည်တော် အရေး ဆောင်ရွက်ရင်း ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။

စာချကထိကဖြစ်သူ သံပျင်မင်းသမီးလေးကို စွဲလမ်းမိသဖြင့် ရည်းစားပူမိရာမှ အလွမ်းစိတ်ဖြင့် ရွှေနားတော်သွင်းရန် ထရေးသော အသည်းကွဲ ရဟန်းငယ်၏ သံပျင်ဋီကာသည်ပင် ပညာရှင်တို့ အောချရသည့် အသည်းကွဲကျမ်းတစ်ဆူအဖြစ် ဂန္ထဝင် ဖြစ်သွားသည်။

မယ်နုအုတ်ကျောင်း ဆရာတော်ဦးဗုဓ်၏ သုတေသနခန်းသည် ကျောင်းလယ်က တိုင်တစ်လုံးသာ ဖြစ်သည်။ မိုးကြိုးပစ်သည်ကိုပင် မကြားနိုင်လောက်အောင် အခန်းနံရံ လုံသည် မဟုတ်၊ သုတေသီစိတ်ကြီးလှသော သမာဓိလုံခြင်းဖြစ်သည်။ဝမ်းသွေးသွန်ရောဂါ နှိပ်စက်ခံခက်နေသည့် နောက်ဆုံးနေ့ရက်များပင် ကုဋီနံရံ ရှိ မီးသွေးခဲဖြင့် သုတ်ထားသော သစ်သားသင်ပုန်းသည် ကျမ်းပြုစုရာ ကီးဘုတ်လက်ကွက် ဖြစ်နေသည်။ ဝမ်းသွေးက သွန်လျက်... ကံ့ကူဆံဖြင့် နံရံပေါ် ခုဒ္ဒသိက္ခာကျမ်း အဖွင့်ဝါကျများကို ရေးခြစ်လျက်.... ဝမ်းကိုက်ဝမ်းနာ ဖြစ်ဖူးတိုင်း ဤဆရာတော်ကြီး၏ စွန့်လွှတ်နိုင်မှုကို ကိုယ်ချင်းစာနိုင်ပါလိမ့်မည်။ ဘယ်လောက်ကြည်ညို့ ကြေကွဲဖွယ် ကောင်းလိုက်ပါသလဲ...။

လယ်တီဆရာတော်ကြီးသည် လေအေးစက် တပ်ထားသော ခန်းမကျယ် ပိဋကတ်တိုက်ကြီး၏ ဆုံလည်ကုလားထိုင်တွင် ဘုတ်အုပ်စုံကို ဆွဲယူလှန်လှောကိုးကားကာကော်ဖီတစ်ကျိုက်၊ဒိန်ခဲတစ်ကိုက်၊ဆေးပြင်းလိပ်တစ်ရှိုက်ဖြင့်

mgyoe.com

mgyoe.com

ဒီပနီကျမ်းများကို ပြုစုခဲ့သည် မဟုတ်၊ တောရကျောင်းလေးတွင် ရေနံဆီမီးခွက် ထွန်းညှိ၍ ဝမ်းလျားမှောက်ကာ မည်သည့်ဘုတ်အုပ်မျှ မကိုးကားတော့ဘဲ ဘဝ တစ်သက်တာ ဆည်းပူးခဲ့သမျှ ဗုဒ္ဓအရှင်၏ ကျမ်းစာတော်များကို စိတ်အာရုံ ဥာဏ်ကာ ရေးသားတော်မူခဲ့သည်။ ရံခါ ရေချိုးရာမှပင် စာပေါ်လာသည်နှင့် ပြေးလွှား ရေးသည်။

ထိုဒီပနီကျမ်းများ၏ အဆင့်အတန်းသည် လန်ဒန် ပါဠိစာတော်မူ အသင်းကြီး (London Pali Text Society) ၏ အကူအညီဖြင့် ကမ္ဘာ့ပါဠိပညာရှင် တို့ကို နားကားစေနိုင်၊ အသိပွားစေနိုင်သည်သာမက လက်ဖျားပါ ခါသွားစေ ရသည်။

မြန်မာ့ပညာရေးသည် မနိမ့်ကျကြောင်း ထိုဘုတ်အုပ်ကြီးများကို ပွတ် သပ်ကြည့်ရှုမှုဖြင့် သိနိုင်သည်။ ထူထဲလှပါဘိတောင်း၊ နက်နဲလှပါဘိတောင်း..။ ဆိုရသော် ဘာသာဋီကာကျမ်းများစွာကို ပြုစုတော်မူသည့် မဟာဂန္ဓာရုံ ဆရာ တော်ကြီးကို ခေတ်ပြိုင်ကျမ်းမပြု၊ ဘေးထိုင်ဘုပြော ပုဂ္ဂိုလ်အချို့က ကျမ်းကူး ကဲ့သို့ အမနာပ မရှုဆိတ်စကား ဆိုကြချိန် ဆရာတော်ကြီးတစ်ပါးက မှတ်ချက်ချ သည်။ "ဦးဇနကလေး ဘယ်လိုတွေ ရေးရေး၊ ဘယ်လိုကူးကူးကွယ်... ငါတော့ ဒီလိုစာအုပ်ထူထူကြီးတွေ ကြည့်ပြီး လက်ညောင်းခံနိုင်တာကိုပဲ ကြည်ညိုလှပါပြီ" တဲ့..။ သို့သော် ယနေ့ ဘာသာဋီကာများ၏ အရောင်အဆင်းနှင့် အချင်းအဝန်းကို ပညာရှင်တို့ သိနိုင်ကြပေပြီ..။

ဆိုရသော် မြန်မာရဟန်းရှင်လူတို့သည် သုတေသနနယ်ပယ်တွင် တာဝန်ကျေပွန်ခဲ့ကြ၏။ ထိုသုတေသီတို့တွင် အရှင်ကေလာသသည် ဝီရိယခာတ် ကောင်းလှသော ပညာရှင်ကြီးတစ်ဆူ ဖြစ်သည်။

သက်တော် ၆၀၊ ကျမ်းတော် ၃၀၀ ကျော်.....။

## (၃)

ဤစာသည် အရှင်ကေလာသ၏ အတ္ထုပ္ပတ္တိကို ပြန်ပြောင်းပြောမည် မဟုတ်..။ လွန်တော်မူပြီးသော အရှင်ကေလာသ၏ ပုံရိပ်ကိုလည်း မျိုးဆက်၊ ဒေသနှင့် ကာလ ဝေးကွာလွန်းသည့် သူ့လိုရဟန်းငယ်က ဖွဲ့နိုင်လိမ့်မည် မဟုတ်။ အရှင်ကေလာသ

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်း ဂုဏ်ပြုရေးသားကြသည့် အမေလူထုဒေါ်အမာနှင့် ဆရာကြီး ဓမ္မာစရိယဦးမောင်မောင်လေးတို့၏ဆောင်းပါးနှစ်ပုဒ်ကိုဖတ်မိရာမှ မြန်မာ့သုတေသီပညာရှိကြီးများကို လွမ်းဆွတ်သွားမိသည်နှင့်အမျှ ပခုက္ကူနွယ်ဝင် ပညာရှင်ကြီး အရှင်ကေလာသ၏ ဓမ္မသုတေသနလုပ်ငန်းတွင် ဘဝတစ်ခုလုံးပုံ၍ ချစ်တတ်လေမှုကို လေးမြတ်စိတ်ကြည် လက်အုပ်အခါခါ ချီမိရသည်။

ငယ်စဉ်ကတည်းက အရှင်ကေလာသ ရေးသားပြုစုသော ပခုက္ကူ၊ မန္တလေး စသော သာသနာ့ဝင်ကျမ်းကြီးများကို ဖတ်မှတ်ရင်း မြန်မာနှင့် ဒေသတွင်း ဗုဒ္ဓသာသနာ့သမိုင်းတို့ကို လေ့လာစောကြောခွင့် ရခဲ့သည့်အတွက် သမိုင်းအမြင် လင်းပွင့်ခဲ့ဖူးရသည်။

အရှင်ကေလာသ၏ ပခုက္ကူအဘိဓာန် နိဿယသစ်ကျမ်းကြီးကို အနီရောင် ပိတ်စအဖုံးဖြင့် အခန့်ချုပ်ကာ သူ့ခေါင်းရင်း စာအုပ်စင်တွင် နှစ်ပေါင်းများစွာ ထောင်ထားခဲ့သည်မှာ နိုင်ငံခြားပညာသင် မသွားမီအထိ ဖြစ်ပါသည်။


*ဓမ္မဂင်္ဂါ*

*(၉-၇-၂၀၁၈)*

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## ဓမ္မသောရီ ဆရာတော်ကြီး အရှင်ဝီရိယ(တောင်စွန်း)
## သာသနဓဇဓမ္မာစရိယ၊ ဒီဃဘာဏက၊
## ဒီဃနိကာယအဂ္ဂဓမ္မာစရိယ
## အမရပူရမြို့၊ တူမောင်းတိုက်၊ မဟာနာယက

- (၁၉၄၆ ဇန်နဝါရီလ ၃၀ ဖွား) မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဥယျာဉ်(တောင်)ရွာဇာတိ၊ ခမည်းတော် ဦး ၊ မယ်တော် ဒေါ်မင်းစိန်။
- မန္တလေး၊ အမရပူရနှင့် ဒေးဒရဲကွင်းကျောင်း နိကာယ်သင်တန်းများတွင် ပရိယတ္တိနှင့် ဓမ္မဒေသန အမြင်သစ်များကို လေ့လာဆည်းပူးခဲ့ပြီး ရှင်သာမဏေဘဝဖြင့်ပင် စာချကထိက ဖြစ်လာခဲ့သည်။
- ပိဋကတ်နှစ်ပုံခွဲဆောင်နှင့် ဓမ္မာစရိယများစွာ၏ ဓမ္မာစရိယဖြစ်ခဲ့ပြီး သက်တော်(၅၅)နှစ်အလွန်မှာမှ စာရေးဆရာ သတင်းစာဆရာကြီး မောင်မဲ (သခင်တင်ဟိန်း)နှင့် ဆရာကံထွန်းသစ်တို့၏ အားပေးကူညီမှုဖြင့် စာပေလောကသို့ ရောက်ရှိကာ မြတ်သတိဝါဒီ၊ ဘာသာသွေး၊ ဓမ္မဗျူဟာ စာစောင်များနှင့် အလင်းတန်းဂျာနယ်၊ အတွေးသစ် ဂျာနယ်စသော ဂျာနယ်တိုက်၌ စာပေများ ရေးသားတော်မူခဲ့သည်။
- " မထေရ်မြတ်တို့ စကားပိုင်း" စာအုပ်တွဲများသည် ဓမ္မသောရီဆရာတော်ဟု ထင်ရှားစေခဲ့ပြီး သာသနာတော်တွင်းရှိရှေးသူဟောင်းစကားများကို ရွှေရောင်သစ်စေသော အတွေးအရေးအဖြစ်မှတ်တမ်းတင်ရတော့မည် ဖြစ်သည်။
- ယခုအခါ ပြည်တွင်း၌သာမက ကမ္ဘာ့နိုင်ငံ အသီးသီးသို့ကြွရောက်လျက် ကိုယ်တိုင် သုတေသနပြုကာ ကျင့်သုံးလျက်ရှိသော" လက်တွေ့အသုံးချ ဗောဓိပက္ခိယတရားတော် သင်တန်းများ" ကို ပို့ချနေဆဲ...။

mgyoe.com

mgyoe.com SAMPLE BOOK

# ရဟန်းတစ်ပါး၏ ဗားရှင်းမြင့် ဇရာအပလီကေးရှင်း

## (ဓမ္မဘောရီ ဆရာတော်ကြီး အရှင်ဝီရိယ (တောင်ဖွန်း) ၏ ဖွဲ့ပိုသော ခြေလှမ်းအချို့နောက် မမီမကမ်း ကပ်လိုက်ခြင်း)

(၁)

ဤဝါကျသည် နိဝါတတရားကို ဒေါင်ဒေါင်မြည်အောင် တီးခတ်လိုက်ခြင်း၏ အစ ဖြစ်သည်။ စည်ကားစုပြုံကျနေသော သံဃသဘာတစ်ခုတွင် ဓမ္မဘောရီ ဆရာတော်သည် စီးတော်မြဲဖိနပ်ကို ရှာဖွေနေလေသည်။ ဝယဝုဒ္ဓိဂုဏ်၏ အရှိန်အဝါဖြင့် အိုမာန်တက်လေ့ မရှိသော ဆရာတော်သည် မည်သူ့ကိုမျှ အားမကိုးဘဲ ကိုယ်ရေးကိုယ်တာအမှုကို ကိုယ်တိုင်သာ လုံ့လအားသည်းတတ်မြဲဖြစ်ကြောင်း ဟာဝိုင်ယီခရီးစဉ်တွင် နောက်တော်ပါးက လိုက်ရကတည်းက သူ သတိပြုခဲ့မိသည်။ “ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်လမ်း ကိုယ်လျှောက်” ဂါထာသည် ဆရာတော့် ခြေလှမ်းတိုင်းတွင် ပဲ့တင်ထပ်နေတတ်သည်။ သူတစ်ပါးအကူ ယူရမှာ အားနာတတ်သော ဆရာတော်သည် ခရီးပန်း၍ နွမ်းလျကာ ညောင်းညာကိုက်ခဲခြင်းများကိုပင် အက်စ်ပရင်ဆေးဝါးများဖြင့်သာ ကျော်လွှားတော်မူလေ့ ရှိသည်။

mgyoe.com

mgyoe.com

ဆန်ဖရန်စစ္စကိုလေဆိပ်ကြီးထဲ စွပ်ဝင်ကြွသွားသော ဆရာတော့်ကို ရဟန်းရှယ်နှစ်ပါးက မီအောင် အပြေးလိုက်ကြရသည်။ နိုင်ငံကူးပတ်စ်ပို့စာအုပ်နှင့် လေယာဉ်လက်မှတ်ကို ထိုးပေးလျှင် စိတ်လိုက်မာန်ပါ "ကူညီပါရစေ" ဖြစ်နေကြသည့် လေဆိပ်အမှုထမ်းတို့၏ အမေရိကန်နီတိကို ကျေညက်ဟန်ရှိသော ဆရာတော်သည် နီးစပ်ရာယူနီဖောင်းဝတ်တစ်ဦးဦးထံ သုတ်ခနဲ ချဉ်းကပ်တတ်လေသည်။ သူနှင့် ဓမ္မဒူတ ဒေါက်တာအရှင်ကဥ္စနက မျက်ရိပ်မျက်ကဲဖြင့် ဆရာတော့်ကို ကြည့်ကာ "သွက်သားဟ" ဟု ကိုယ်စီ စိတ်အချက်ပြ ဖြစ်ကြသေးသည်။

ယခုလည်း သီတင်းငယ်တစ်ပါးပါးကို "လုပ်ကြပါဦးကွယ်ရို့" ဟု နှုတ်မြွက်ခြင်းမရှိဘဲ ကိုယ်တိုင် ဖိနပ်ပျောက်ရှာပုံတော် ဖွင့်နေသည်။

ဓာတ်မသိသူက ဘေးမှဝိုင်းကူရှာပေးလျှင်လည်း ဦးဝိုင်းပုံတုံး လူမသုံးသော ရဟန်းစီးဖိနပ်ကိုသာ အာရုံကျနေမည့်အတွက် အမေရိကားနှင့် ကမ္ဘာ့ရွာရိုးကိုးပေါက်မှ ပဋ္ဌာန်း၊ အဘိဓမ္မာနှင့် ဓမ္မဒေသနာဆီမီးများ ထွန်းညှိကြလေသူ သာဝကအသီးသီးတို့ ပေးပို့လှူဒါန်းနေကျ ဆရာတော့်ကျန်းမာရေးနှင့် သင့်လျော်ပြီး ဆရာတော် အမြဲစီးလေ့ရှိသော ကလာ့ခ် (Clark) အမျိုးအစား ပေါ့ပါးသော နိုင်ငံခြားဖြစ်ဖိနပ်ကို သတိပြုမိလိမ့်မည် မဟုတ်။

သာသနာ့တက္ကသိုလ် သုတ္တန်ဆရာတစ်ပါး မိန့်ကြားသည့် ဖိနပ်အဆိုတစ်ရပ်ကို သတိရမိသည်။ ရှေးခေတ် ပဒေသရာဇ်ဧကရာဇ် သာသနာပြုမင်းတို့က သာသနာတော်ဝင်ရှင်ရဟန်းတို့အားထီးသုံးနန်းသုံးတော်ဝင်အသုံးအဆောင်တို့ကို ထပ်တူလှူဒါန်း သုံးစွဲစေတော်မူကြသည်။

ထီးဖြူကနက္ကဒဏ်ကအစ ကတ္တီပါ ဦးဝိုင်းဖိနပ်အထိ----။

ယခု ထီးသုဉ်း နန်းသုဉ်းချိန်မှာပင် ထိုထီးသုံးနန်းသုံး ပရိက္ခရာတို့က ကျောင်းတော်ကြီး အစဉ်အလာအဖြစ် ကျန်နေသည်။ ထိုဆရာတော်၏ နောက်ဆုံးမှတ်ချက်ကိုတော့ သူ စွဲနေသည်။ သာသနာဟာ အခြေခံပြည်သူတွေနဲ့ ဝေးမသွားဖို့... တဲ့။

ဓမ္မဘေရီ ဆရာတော်ကြီးက အခြေခံပြည်သူများနှင့်သာမက ခေတ်ပြိုင်ယဉ်ကျေးမှု အသွင်လက္ခဏာများနှင့်ပါ ဘယ်သောအခါမှ ဝေးသွားလိမ့်မည် မဟုတ်ပါ..။

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

၂၀၁၄ ခုနှစ် မစ္စစပီမြစ်ကမ်းဘေးရှိ ရောင်စုံမေပယ်ရွက်များ မှည့်ဝင်းရာသီတွင် ဓမ္မဘေရီ ဆရာတော်ကြီးကို ဖူးမြော်ခဲ့ရခြင်း ဖြစ်သည်။

ကာလီဖိုးနီးယား၊ နေဗားဒါးနှင့် အရီဇိုးနားတစ်ခွင် ပြပြစင်နေသည့် သူ့ကို မင်နီဆိုတာ သီတဂူဝိဟာရသို့ ခရီးဆက်ရန် အင်္ဂလန်ရောက်နေသည့် ဓမ္မယောနွယ် ဆရာတော် အရှင်တိက္ခဉာဏာလင်္ကာရက စီစဉ်ပေးသည်။

မင်နီပိုလိစ်လေဆိပ်တွင် အရှင်အနိရုဒ္ဓက လာကြိုသည်။

သီတဂူ ဓမ္မဝိဟာရ ဆရာတော် ဒေါက်တာအရှင်ဩသဘောရက နှုတ်ခွန်းဆက်ရင်း "မနက်ဖြန် ဓမ္မဘေရီ ဆရာတော်လည်း ကြွလာမယ် ညီလေး" ဟု သတင်းပေးလေသည်။

ထိုညက ဟိတ်ဟန်ကင်းစင်ကာ စကားကို လင်းလင်းချင်းချင်း မြွက်ကြားတတ်သော ဆရာတော်၏ "အိုးကြီးထဲက အိုးသေးထဲ ပြောင်းထည့်တဲ့ စာတွေ ငြီးငွေ့နေပြီ" အစချီသော မော်ဒန်ကထာသလ္လာပကို နာကြားရလေသည်။

"ဒီနေ့ခေတ် ကဗျာဆရာတွေက ခုမှ ဒန်နေကြတာပါကွာ...၊ ငါတို့ဘုရားက မဟာပို့စ်မော်ဒန်ကြီးပဲကွ၊ ဓမ္မစကြာဟောဖို့ သွားမယ့်လမ်းမှာ ဘုရားရှင်ကိုယ်တော်တိုင် ဉာဏ်တော်မှာ ထင်လာတဲ့ "ပဋိသောတဂါမိ နိပုဏံ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ" ဆိုတာထက် ဒန်တာ ဘယ်မှာ ရှိမလဲကွာ။ ပဋိသောတဂါမိ-သမားရိုးကျ အနုညာတလမ်းက ခွဲထွက်ပြီး ရေဆန်လမ်းကို ဦးတည်မယ်တဲ့..။ မော်ဒန်သမားတွေ ပြောလေ့ပြောထရှိတဲ့ သိမ်မွေ့တာ၊ နက်နဲတာ၊ မြင်ဖို့ ခက်တာ၊ အသေးစိတ်တာတွေ ဘုရား ဟောပြီးသားပဲ"

ထို့ကြောင့်ပင် ဆရာတော် ရေးသမျှ စာတိုင်းသည် အတွေးအရောင် တဝင်းဝင်း ဖြစ်နေတတ်ပါသည်။

စာအစုံ ဖတ်လေ့ရှိသော ဆရာတော်သည် ရဟန်းစာဆို၊ လူစာဆိုတို့၏ ဘုတ်အုပ်မှန်သမျှကို မွှေနှောက်ရင်းသူ့အတွေးခန္ဓာသစ်တို့ဖြင့် ရေးခြစ်အပ်သော "ရဟန်းနှင့် ပင်လယ်" အက်ဆေးများကို အန္တေဝါသိက ရဟန်းတော် ရှင်ဝါယမ မိတ်ဆက်ပေးသဖြင့် တွေ့ရှိသွားသည်။

"ဓမ္မဂင်္ဂါက ပေါက်ကရ တော်တော်ရေးတတ်သဟ" ဟူသော မှတ်ချက်သည် ဓမ္မဘေရီ ဆရာတော်ကြီး၏ ချီးမွမ်းခြင်း ပသံသတ္တအနက် ဖြစ်လေသည်။

mgyoe.com

mgyoe.com

အိုးကြီးထဲမှ အိုးသေးထဲ ပြောင်းထည့်ခြင်း ဟူသော ကဲ့ရဲ့ခြင်း ဂရဟာ အပြစ်မှ လွတ်လေပြီ။ ကမ္ဘာ့စွမ်းရည်ပြိုင်ပွဲ (Talent Show) များတွင် ကော်ပီကူး အရည်အသွေးများထက် ပင်ကိုဖန်တီးမှု မူလဖြစ်ခြင်း (Originality) ၏ တန်ဖိုး ကိုသာ အမှတ်ပေးလေ့ရှိသည်။

ဆရာတော့်ထံမှ မစ္စတာဆိုင်မွန်ကိုဝဲလ် ကဲ့သို့သော ခပ်စပ်စပ် ခပ်ပြတ်ပြတ် မှတ်ချက်များကို ကြားရတတ်သည်။

မစ္စစပီမြစ်ကမ်းဘေးတွင် မေပယ်ရွက်များ ဝေလက်စ ဝေ၊ ကြွေလက်စ ကြွေသွားသည်။

မင်နီဆိုတာ ကထိန်ပွဲမှ အစပြုခဲ့သော ဓမ္မဘေရီ ဆရာတော်ကြီးနှင့် တွေ့ဆုံမှုသည် သူ့ဘဝ၏ ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်လာသည်။ ကမ္ဘာကျော် ဝတ္ထုတို ဆရာကြီး အိုဟင်နရီ၏ ဇာတ်ကွက်များထဲမှ လှပသေသပ်သော အလှည့် အပြောင်း (Twist) တစ်ခုလည်း ဖြစ်ခဲ့သည်။ ဆိုရသော် သူသည် ဆရာတော်ကြီး ၏ ရွေ့လျားသင်တန်း (Mobile Class) ကျောင်းတက်ခွင့်ရသည့် သောတုဇန ရဟန်းတစ်ပါး ဖြစ်လာသည်။

ဆရာတော်နှင့်အတူ ရောဝတီ၊ အိုင်အိုဝါ ဂင်္ဂါနှင့် မေဂုရို၊ ပစိဖိတ်၊ အတ္တလန်တိတ်၊ ဘော်လတစ်နှင့် ကာရစ်ပီယန် စသော ကမ္ဘာ့မြစ်ပင်လယ်များကို ကျော်ရသည်။ ပဲခူးရိုးမ၊ ဟိမဝန္တာ၊ အဲ့လ်ပ်စ်နှင့် အလာစကာ ဒေနာလီ စသော တောင်တန်းများကို ဖြတ်ရသည်။ ပီနန်၊ ဂျမေကာ၊ ဟာဝိုင်ယီနှင့် ဟိုကိုင်းဒိုးကျွန်း များဆီ ရွက်လွှင့်ရသည်။

( ၃ )

စကားပြောဖော်နှင့် စကားပြောဖက်ဟူသော ဝေါဟာရနှစ်ခု၏ အဓိပ္ပာယ်သည် ဆရာတော်ကြီးနှင့် တွေ့ဆုံရသောအခါ ပိုမိုလေးနက်စွာ ကွဲကွဲပြားပြား နားလည် သွားသည်။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ဦးနှင့် စကားပြောဖော် ဖြစ်နေရ သော်လည်း အကြောင်းအရာ၊ နယ်နိမိတ်၊ အတွေးအခေါ် အတိမ်အနက်နှင့် လာရာလားရာ စသည် မတူကြသည့်အတွက် စကားပြောဘက် ဖြစ်မလာနိုင် ချေ။

ဆရာတော်က စကားလုံး ပွတ်တိုက်အား (The force of word friction) ဟူသော ဝေါဟာရကို တွင်တွင်ပြောလေ့ရှိသည်။

mgyoe.com

m gyee.com SAMPLE BOOK

"ဘာမှ မဟုတ်တဲ့သူတွေဆီက ဟုတ်တဲ့စကား မကြားရတော့ အတွေးမီး မလင်းဘူးကွ ဂဂ်ါရ" ဟု မိန့်မြွက်၏။

သွားလေသူ အိန္ဒိယသမ္မတကြီး မစ္စတာအဒူကလမ် ကလည်း ဤအဓိပ္ပာယ်မျိုးဖြင့် မီးညှိထားသော စိတ်များ (Ignited minds) ဟု ဆိုခဲ့ဖူးသည်။

ဆရာတော်၏ သင်တန်းများက သူ့အတွေးကို လင်းပွင့်စေခဲ့ကြောင်း သေချာခဲ့ပါသည်။ အထူးသဖြင့် အလိုအလျောက် အဖြေဆော့ဖ်ဝဲ တပ်ဆင်ထားသည့်ပမာ မေးသမျှသော ပုစ္ဆာတိုင်းအတွက် အဆင်သင့် ဖြစ်နေတတ်သော ဆရာတော်၏ အံ့မခန်း ပိဋကတ်သုတဘဏ်တိုက်နှင့် လျှပ်စီးလက်သကဲ့သို့သော ပညာဉာဏ် ဖြစ်သည်။ မဟာပညာကျော် ဆရာတော်ကြီးများထံမှ လေ့လာလိုက်စားခဲ့ဖူးသော ပညာပါရမီနှင့် ဆယ်စုနှစ်များစွာ ပိဋကတ်စာပေကျမ်းဂန်အဖြာဖြာကို အဝါးဝစွာ ပို့ချခဲ့ဖူးသော ပရိယတ္တိဂန္ထဓုရ ဂုဏ်ရည်များက လင်းလက်နေခြင်းပင် ဖြစ်သည်။ သတိပြုရမည်မှာ ဆရာတော့်အား မေးခွန်းမေးတော့မည်ဆိုလျှင် လိုတိုရှင်း ဖြစ်ဖို့တော့ စကားလုံးကို ရွေးချယ်ရပေလိမ့်မည်။ ရှည်လျားထွေပြားသော မေးခွန်းရှင်များကို ဆရာတော်က ပြန်မေးလေ့ရှိသော စကားနှစ်ခုတော့ ရှိသည်။ သိထားတာတွေ ပြောမှာလား..။ သိချင်တာကို မေးမှာလား... ။

( ၄ )

ဓမ္မဘောရီ ဆရာတော်သည် သောကအပူ စုဆောင်းသော အလုပ်များနှင့် ခပ်ဝေးဝေး နေတတ်သည်။ ပိဋကတ်စာပေ၊ ဓမ္မအတွေးအခေါ်၊ ခေတ်ပေါ်သုတနှင့် လွတ်မြောက်မှု ဘဝနေနည်းအတွက် အချိန်များစွာ ပေးလိုလှသော ဆရာတော်သည် ဘုန်းတန်ခိုးကြီးနိုင်သည့် အခွင့်အလမ်းများကို ကျော်ခိုင်းခဲ့သည်။ မြို့ကြီးပြကြီးများတွင် ဓမ္မအမွေခံ ကျောင်းတိုက်ကြီးများစွာ အဆင်သင့်ရှိခဲ့သော်လည်း စွန့်လွှတ်ခဲ့သည်။ ပိဋကတ်တစ်ပုံဆောင် ရဟန်းငယ်ဘဝက ခရီးသွားဟန်လွှဲ လက်ခံလိုက်ရသော ကျောင်းတိုက်ကိုပင် တပည့်အရှင်တစ်ပါးကို လက်လွှဲကာ ကြောင့်ကြမဲ့လှသော အခန်းကျဉ်းလေးကိုကျောင်းသခ်မ်းအမှတ်ဖြင့် ငြိမ်းချမ်းစွာ သီတင်းသုံးလျက် ရှိသည်။

ပိဋကတ်နှစ်ပုံခွဲဆောင် အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ ကဲ့သို့သော တပည့်အကျော်အမော်နှင့် ဓမ္မာစရိယအရှင်များစွာအတွက် ဓမ္မအလင်းပြခဲ့သော ဆရာတော်သည် ကိုယ်တော်တိုင် "နှုတ်ကူ လက်မ" လုပ်နိုင်သော ဖြဟ္မစိုရ်

mgyoe.com

ကုသိုလ်မှန်သမျှကို မတွန့်ဆုတ်တမ်း ဆောင်ရွက်တတ်သော်လည်း ကိုယ်လက်တစ်ကမ်း၊ စိတ်တစ်မှန်းနယ်အလွန်ဆီက ဒုက္ခိတသတ္တဝါများကိုတော့ သဗ္ဗေသတ္တာ ကမ္မဿကာ ဟုသာ မေတ္တာပို့တော်မူတတ်သည်။

ဆိုလိုသည်က မကယ်နိုင်သော ဝေနေယျတို့အတွက် အကဲပို စုတ်သပ်တော်မူလေ့ မရှိ..။ [လွန်ခဲ့သောလ (၂၀၁၉ ဖေဖော်ဝါရီ) က ဘဝနတ်ကျောင်းပြောင်းရွှေ့စံတော်မူသော နောင်တော်ကြီးအရင်းဖြစ်သူ အမရပူရ တူးမောင်းဆရာတော်ကြီး လွန်တော်မူကြောင်း သတင်းကြားရစဉ်က ဆရာတော်သည် ဩစတြေးလျနိုင်ငံ ကြွရန် လေဆိပ်သို့ ဆင်းတော့မည် ဖြစ်သည်။ နောက်ပြန် မလှည့်တော့ပါ..။ ရှင်စဉ် တာဝန်ကျေခဲ့ပြီ။ အသေပွဲကိုမူ တပည့်သာဝကတို့သာ ကြည့်ရှုစီမံကြပါလေဟု လွှဲအပ်ကာ လေယာဉ်ပေါ်တက် သွားခဲ့၏။] သူ့သိသမျှ ကမ္ဘည်းမှတ်တမ်းမထိုးသော ဆရာတော့်အလှူဒါနများက မရေတွက်နိုင်ပါ။ သူသည်ပင် ဆရာတော်၏ ဒုက္ခိတသတ္တဝါ ဖြစ်နေတတ်သေးသည်။

ရန်ကုန်တွင် ဆရာတော်ရော သူပါ အတူတူ ရှိနေချိန်များတွင် သူ နေထိုင်ရာ လှိုင်သာယာအနောက်ထိပ် ဓမ္မဂင်္ဂါတောရမှ ပုဇွန်တောင်၊ ဗိုလ်ချုပ်လမ်းရှိ ညောင်ကုန်းကျောင်းရိပ်သို့ ဆွမ်းစားကြွရန် ဖုန်းဆက်ခေါ်လေ့ရှိသည်။

"ဓမ္မဂင်္ဂါ ဘယ်ရောက်နေတယ် ကြားတုံး" ဟူသော ဟဲလိုကိုယ်စားပြုပဋိသန္ထာရစကားကို နံနက်တိုင်း ကြားရမြဲ ဖြစ်၏။

နေ့လယ် ၁၁:၃၀ နာရီသည် ဆရာတော်၏ ဆွမ်းစားချိန် ဖြစ်သည်။ ဆွမ်းစားနေစဉ်အတွင်း အနားကပ်ကာ ဖွယ်ဖွယ်ရာရာ လျှောက်ထားမှုမျိုးကို ဆရာတော်က မသာယာတတ်ပါ။

မိမိ ကြိုက်နှစ်သက်ပြီး ကျန်းမာရေးနှင့် သင့်လျော်သည့် ဘောဇဉ်ခဲဖွယ်ကိုသာ ဘုဉ်းပေးလေ့ ရှိသည်။ အားနာဆွမ်းကို ဘယ်တော့မှ မှီဝဲတော်မမူ..။

ဤသည်လည်း ဆရာတော် ကျန်းမာခြင်း၏ ကျင့်ဝတ်တစ်ခု ဖြစ်သည်။

လိုသည်ထက် ပိုမိုတိုးကပ်လာလျှင်တော့ ငေါက်လွှတ်ပေလိမ့်မည်။ ဆွမ်းအလှူရှင်များ၏ကြီးစွာသော သဒ္ဓါတရားကြောင့်ဖြစ်ရသည့် ထိုဒုက္ခများကို ကျော်လွှားနိုင်ရန် အိမ်ပင့်ဆွမ်းများကို မလွှဲသာသည်မှအပ ကြွခြင်း မပြုပါ။

ကျောင်းမှ ကပ္ပိယများ ချက်သည့် အညာသီယန် (Anyarthian) ဟင်းများသည် ဆရာတော့် ပုဂ္ဂလိကအကြိုက် (Favorite) ဖြစ်သကဲ့သို့ ကျောင်းတိုက်၏ မရိုးနိုင်သော မီနူးများလည်း ဖြစ်သည်။ သူသည်ပင် ခရမ်းချဉ်သီးငါးခြောက်ချက်ကို ကြိုက်နေသည်။ "This is my Order… ဒါ ကျွန်ုပ် မှာထားတာ" သည် ဆရာတော့်ဆွမ်းဝိုင်းသုံး စကားလုံးတော်ကြီးပင် ဖြစ်တော့၏။

mgyoe.com

mgyvee.com  SAMPLE BOOK 

ဆရာတော်သည် အခန်းကျဉ်းလေးတွင် သိုသိပ်စွာ နေထိုင်တတ်သော်လည်း တစ်သက်တာ စုဆောင်းခဲ့သမျှသော ဘုတ်အုပ်များစွာအတွက် အခန်းကျယ်ကြီးတစ်ခုကို နေရာပေးထားသည်။ သူက ဆရာတော့်စာအုပ်စင်မှ ရှေးဟောင်းဂန္ထဝင်ကျမ်းစာများမှစ၍ ယနေ့နောက်ဆုံးထွက်ရှိသော မော်ဒန်အက်ဆေးများအထိ မြောက်မြားလှစွာသော ဘုတ်အုပ်ကြီးငယ်များကို မွှေနှောက်ရှာဖွေကာ ဆရာတော့်အခန်းဘေးရှိသင်ဖြူးဖျာတစ်ချပ်တွင် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ တစ်နေကုန် ဖတ်မှတ်လေ့ ရှိသည်။ ဆရာတော်က အခန်းထဲမှ ထွက်လာတိုင်း "ဘာတွေ ဖတ်နေတုံး" ဟု မေးမြန်းကာ ဆွေးနွေးလမ်းညွှန်တော်မူလေ့ ရှိသည်။ အလွယ်တကူ ဝယ်ယူနိုင်သော စာအုပ်များကို စွန့်ကြဲတော်မူသကဲ့သို့ ရှားပါးစာအုပ်များကိုမူ မိတ္တူကူးပေးတော်မူသည်။ (ကိုယ်တော်တိုင် အမြဲဖတ်နေသော စာအုပ်များကို "ဤစာအုပ်ကို ငါ အမြဲဖတ်နေသည်။ ဘယ်မှ ယူမသွားရ" ဟု ထင်းထင်းကြီး ရေးထားတတ်လေသည်။)

ထိုသို့ဖြင့် သူသည် ဆရာတော်၏ နိကာယ်တက္ကသိုလ်ကျောင်းသား ဖြစ်နေသည်။ ညနေစောင်း၍ ပြန်တော့မည်ဆိုလျှင် အနားတွင် ရှိသမျှ ပစ္စည်းဝတ္ထုတို့ကို စွန့်ကြဲတော်မူမြဲ ဖြစ်၏။ ဆေးဝါး ဖြစ်ချင်ဖြစ်မည်။ စတားဘတ်ခ်စ်ကော်ဖီထုပ် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် သူမျက်စိကျနေသော နိုင်ငံခြားဖြစ်ပရိက္ခရာတစ်ခုခု ဖြစ်ချင်လည်း ဖြစ်မည်။ တစ်ခါတစ်ရံ သူကြုံတွေ့နေရသော ကျောင်းထိုင်ရင်း အကြွေးတင်သော နဝကမ္မပြဿနာများကိုပင် ဆရာတော်က ဝိုင်းကူ ဖြေရှင်းပေးတော်မူတတ်သေးသည်။ ဤမျှ ရုပ်အမာထည်၊ စိတ်အပျော့ထည် တွက်ခြေကိုက်လှသော သင်တန်းမျိုးကို သူ အပျက်ခံ၍ မဖြစ်ပေ။ ။

ဓမ္မဘေရီ ဆရာတော် အမြဲရယ်ရွှန်းဖွယ် ပြောလေ့ရှိသော စကားက "ငါ့မှာ ကြည်ညိုစရာဆိုလို့ ကိုယ်ပိုင်ကျောင်း မရှိတာရယ်၊ အစိုးရက ပေးတဲ့ ဘွဲ့မရှိလို့ ဗွီအိုင်ပီ မဖြစ်တာရယ်လေး နှစ်ခုပါပဲကွာ" တဲ့..။ ကိုယ်ပိုင်ကျောင်း ကပ်ငြိမှု မရှိသော ဆရာတော့်ခြေလှမ်းများသည် အမြဲပေါ့ပါးနေတတ်၏။ အနှောင်အဖွဲ့လွတ်ကာ လိုရာသို့ချက်ချင်းကြွနိုင်၏။ သူတို့လို ကျောင်းထိုင် ကျောင်းပိုင်များကဲ့သို့ ပရိသတ်နှင့် ပစ္စည်းလေးပါး ငဲ့ကွက်ရခြင်းမျိုးလည်း မရှိ..။ အမျှော်နှင့် အကြောက်တို့၏ လွှမ်းမိုးမှုကိုလည်း မခံရလေ..။

ယခင်အစိုးရလက်ထက်များမှာပင် ဆရာတော်သည် ဘွဲ့အထပ်ထပ် ရနိုင်သော ပါရမီရှိပြီး ဖြစ်၏။ ထိုသို့ ဘွဲ့အဆောင်အယောင်၊ ရွှေရောင်စကားလုံးနှင့် ကြာငါးခိုင်တံဆိပ်တုံး အလှူခံရန်လည်း သက်တော်အရွယ်နှင့် ဓုရာဝဟစသော ဂုဏ်တို့က အချိန်တန်လာသောအခါ ကိုယ်ပိုင်ကျောင်းသခ်မ်းကို စွန့်၍

mgyvee.com

mgyoe.com


ဘွဲ့ယူ ခွဲတမ်း ကျတော့မည့် မွန်ပြည်နယ်မှ ရန်ကုန်သို့ ဆင်းလာတော်မူခဲ့သည်။ အခြားဆရာတော်တို့ ဘုန်းသမ္ဘာအလျောက် ဘွဲ့အထပ်ထပ် ခံယူတော်မူကြသည်ကိုမူ မည်သည့် မှတ်ချက်မျှ ပေးတော်မမူ..။

နိုင်ငံ့ခေါင်းဆောင် ဒကာမကြီး၏ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုခံရသောအခါ လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့ ဂေဇက်နှင့် အလွန်နီးကပ်သွားမှာကို ဆရာတော် မလိုလားကြောင်း မိန့်လေသည်။ ဆရာတော်သည် ပင့်ဖိတ်မြဲ ပွဲနှစ်ပွဲမှ လွဲ၍ ခြံအမှတ် ၅၄ နှင့် ခပ်ဝေးဝေးသာ သီတင်းသုံးတော်မူသည်။ နိုင်ငံ့အလုံးတာဝန်များကို စိတ်ရော ကိုယ်ရော ခန္ဓာဝန်သေးသေး၊ ၇၀ လွန် အသက်လက်ကျန်လေးဖြင့် ထမ်းနေရရှာသော အဘွားအိုအား ဆရာတော်က များစွာ စာနာတော်မူသည်။

တစ်ခါသားကတော့ သူ့ကို ချီးမြှောက်လို၍ "ဂရီ...ဒကာမကြီးအိမ် ကြွဦးမလား" ဟု မေးမြန်းတော်မူဖူး၏။ "ဆရာတော့်လိုပေ့ါဘုရား၊ ဒီလောက် အလုပ်ရှုပ်တဲ့ ဒကာမကြီးကို တပည့်တော် ဒုက္ခမပေးပါရစေနဲ့" ဟု ပြန်လျှောက်ထားသောအခါ တစ်စုံတစ်ရာ မမိန့်တော့ဘဲ ပြုံးလျက် သင်္ကန်း ပြင်ဝတ်ကာ သူ့ကားဆရာ ကပ္ပိယမောင်ဖိုးဇော်ကိုသာ နောက်ပါအဖြစ်ခေါ်သွားတော်မူတော့သည်။

( ၆ )

သက်တော် ၇၂ နှစ် ပြည့်ရန် ရက်ပိုင်းမျှ လိုတော့သော ဆရာတော်သည် အာယုသင်္ခါရ၏ စွမ်းရည်ကို လျှော့ချမပစ်သေး။

" အသက်ဆိုတာ အလိုလိုက်လို့ မဖြစ်ဘူး၊ ကမ်းတက်တတ်သကွ "

ဟု ပြုံးဟဟ မိန့်လေ၏။

ဓမ္မဘေရီဆရာတော်ကြီးနှင့် ပတ်သက်သော ဂုဏ်ရည်ဒေတာနှင့် သိက္ခာ အချက်အလက်များက သူ ရေးဖွဲ့နိုင်သော ဝါကျထက် တေရာဘိုက်တ် (Terabytes) များစွာ ပိုလွန်နေလေသည်။ သည်ကြားထဲ ဆရာတော်က ဝေစုရဇရာကို ဗားရှင်းမြှင့်ထားလိုက်သေးသည်။ အိုခြင်းတရားသည် ဆရာတော့် ကီးဘုတ်လက်ကွက်တွင် အပ်ဒိတ် (Update) ဖြစ်ကာ ဓမ္မအပလီကေးရှင်းဖြင့် မြန်နှုန်းမြင့်လှနေဆဲပင်..။

အဘယ်မည်သော သောကမိုင်းရပ်စ်တို့ ချဉ်းကပ်နိုင်အံ့နည်း..။

*ဓမ္မဂရီ*

*(၂၉ -၁-၂၀၁၈)*

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေစင်တိပိဋကဓရဆရာတော်
## တိပိဋကဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ

- ၁၉၆၈ ခု၊ မတ်လ(၄)ရက်နေ့ဖွား၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လေးအိမ် တန်းအုပ်စု၊ ကျောင်းကုန်းရွာဇာတိ ၊ ခမည်းတော် ဦးထင်ပေါ်၊ မယ်တော် ဒေါ်ပွား။
- မြင်းခြံရေစကြို၊ အမရပူရ မိုးရွာ၊ မန္တလေး၊ မင်းကွန်းရှိ စာသင်တိုက်ကြီးငယ်များနှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် အဆင့်မြင့် ပရိယတ္တိနှင့် တက္ကသိုလ် ပညာများ ဆည်းပူးခဲ့ပြီး မျက်စိအင်အား မကောင်းသည့်ကြားမှပင် ပိဋကတ်သုံးပုံ စာမေးပွဲကြီးကို ကျရှုံးမှု မရှိ အောင်မြင်တော်မူခဲ့သော အရှင်။
- သာသနဟိတ၊ လောကဟိတအတွက် ကမ္ဘာအရပ်ရပ် လှည့်လည်ကာ ဗုဒ္ဓဝိဟာများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ဇီဝိတပါလ ဆေးရုံ ဆေးခန်းများ တည်ထောင်ရင်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ အမွေတော်ကို ဆက်ခံလျက် တိပိဋက အာဇာနည် ရဟန်းတော်များ မွေးထုတ်ပေးနေဆဲ ဆရာတော်...။

mgyoe.com

mgyoe.com SAMPLE BOOK

# ရဟန်းတစ်ပါး၏ ဆယ်လီဘရစ်တီ မျက်နှာဖုံး
## (ရွှေစင် တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရကို လှစ်ခနဲ ဖူးမြင်ရသော အခိုက်များ)

(၁)

ဒါရိုက်တာ ချားလ်စ်ရပ်ဆဲလ် ရိုက်ကူးသည့် မျက်နှာဖုံး (Tha Mask) ဇာတ်ကားကို အမှတ်ရမိစဉ် အလွန်ချောမောလှသည့် ချာလီနတ်မိမယ် (Charlie's Angels) စတားမင်းသမီး ကင်မရွန်ဒိုင်ယက်ဇ်ကို မမြင်မိဘဲ မျက်နှာဖုံးအောက်က ဂျင်ကာရေး၏ ရိုးရှင်းသည့်သရုပ်ဆောင်ကွက်များကို သဘောကျနေသည်။ လူတိုင်းတွင် မျက်နှာဖုံးများ ရှိနေကြသည်။ ဒါက သဘာဝကျပါသည်။ သို့အတွက်ပဲ လူတိုင်း မျက်နှာဖုံးစွပ်ခွင့် ရရှိစေရန် ထောင့်ချိုးများ၊ နံရံများ၊ ပရိုက်ဗိတ်အခန်းများ၊ အမှောင်များ ၊ အလှည့်အပြောင်းများ ရှိနေရခြင်း ဖြစ်သည်။

လွန်ခဲ့သော နေ့ကပင် ဆရာဇင်ဝေသော်က မိခင်ဖြစ်သူ၏ ဖြဟ္မစိုရ် မျက်နှာဖုံးအကြောင်း လှလှပပ ဖွဲ့နွဲ့သွားခဲ့သေးသည်။ ဖခင်ဈာပနအမီ ပြန်လာ

mgyoe.com

mgyoe.com SAMPLE BOOK

မည့် စာသင်သားသားရဟန်း မမြင်စေရန် သမီးများသာ ကျန်ခဲ့သည့် မိသားစုတစ်ခုလုံးကို ဣန္ဒြေမျက်နှာဖုံး ခြုံလွှမ်းကာ ကြိုစေခဲ့သည် တဲ့။ မျက်ရည်ရွှန်းစိုသောကပိုနေသော မျက်နှာအိုများကို သားရဟန်း၊ မောင်ရဟန်း မမြင်စေရ..။

ဖခင်မရှိလည်း မိခင်နှင့် အစ်မတို့ အားမငယ်..။ သားမောင်ရဟန်းသာ ထမ်းလက်စ သာသနာ့ဝန်ကို ထမ်းစေ..။ လှပသော မျက်နှာဖုံးတစ်ခု ဖြစ်သည်။ ငယ်စဉ်က နှစ်သက်ရသော ရာမာယနဇာတ်တော်၏ ရာမနှင့် လက္ခဏတို့မှာလည်း လှပသော မျက်နှာဖုံးများ ရှိကြသည် ဆိုသော်လည်း သဘာဝလွန် အသွင်သဏ္ဍာန်များသာ ဖြစ်ပေမည်။

သူသည် မျက်နှာဖုံးအမျိုးမျိုးကို ရှာဖွေလေ့ရှိသလို ကြုံရာအခန်းက ကပြရန်လည်း မျက်နှာဖုံးများကို ရွေးချယ်ရတတ်သည်။ သူက သဘာဝနှင့် နီးသော မျက်နှာဖုံးများကို ချစ်တတ်သည်၊ သို့မဟုတ် အော့နှလုံးနာတတ်သည်။ ရုပ်ရှင်ဇာတ်ဝင်ခန်းများတွင် ထိုမျက်နှာဖုံးများ၏ အနက်ရှိုင်းဆုံးနေရာကို ဒါရိုက်တာက အမိအရရိုက်ပြကာ ပရိသတ် စိတ်နှလုံးကို သိမ်းကျုံးယူတတ်သည်။ ရောမ အားလပ်ရက် (Roman Holiday) ရုပ်ရှင်ဇာတ်ကားထဲက ဗြိတိသျှ တော်ဝင်မင်းသမီးလေးနှင့် သတင်းထောက်အဖြစ် သရုပ်ဆောင်ကြသည့် ဟောလီဝုဒ် မင်းသမီးကြီး အော်ဒရေ ဟက်ဘမ်းနှင့် မင်းသားကြီး ဂရေဂရီပက်တို့၏ နောက်ဆုံးခွဲခွာခန်း မျက်လုံးများထဲ သောကကို ဖုံးကွယ်ထားသော မျက်နှာဖုံးများ..။

ရှင်ငယ် ရဟန်းငယ်ဘဝမှသည် သာသနာ့ဘောင်အတွင်း ဖြတ်သန်းကျင်လည်ရသောအခါ မျက်နှာဖုံးများစွာကို ဖတ်တတ်လာသည်။ ထိုမျက်နှာဖုံးများစွာ၏ အတိမ် အနက်ကို ကူးခပ်ရသည်။ အလင်း အမှောင်ကို ချိန်ညှိရသည်။ ထိုမျက်နှာဖုံးများက ပေးသော မက်ဆေ့ချ်အမာ အပျော့ကို ထိစမ်းရသည်။

မျက်နှာရိပ် မျက်နှာကဲသိခြင်း (Physignomy)၊ မျက်နှာများ၏ အဓိပ္ပာယ်ကို ကောက်ယူတတ်ခြင်း (Facial Analysis) ပညာများသည် ဘဝအတွက် လွန်စွာ အသုံးတည့်လှသော မဟာဗျူဟာကြီးတစ်ခုဖြစ်၍ အလိုက်သိခြင်း၊ လူဆိုးလူကောင်း ရွေးခြင်း၊ လူရွေးပေါင်းခြင်း စသော အရေးပါ အရာကျယ်လှသည့် လူမှုဗေဒနယ်ပယ်ဆိုင်ရာ နည်းဗျူဟာများစွာကို ဖန်တီးပေးလေ၏။ ခေတ်အဆက်ဆက် နန်းတွင်းအမှုတော်ထမ်း၊ အရာတော်ထမ်းတို့လောကတွင် ဖောင်းတော်ညိတ် စိတ်တော်သိ ဟူသည် ဤအတတ်ပညာကို အခြေခံ၏။ ဝိနယပိဋကတ် မဟာဝါ

mgyoe.com

mgyoe.com SAMPLE BOOK

ပါဠိတော်တွင် ဗုဒ္ဓအရှင်သည် ဥပဇ္ဈာယ်၊ နိဿျည်းဆရာနှင့် အန္တေဝါသိကတပည့်၊ ကျောင်းခံအာဝါသိကနှင့် ကျောင်းခိုဧည့်သည် အာဂန္တုက၊ သီတင်းကြီးနှင့် သီတင်းငယ် စသော သံဃာတော်များကြား သာသနာတော်တွင်း ဆက်ဆံရေး နည်းနာများ ဟောကြားခဲ့ရာတွင် ဤအတတ်ပညာကို အထူးပြုခဲ့၏။

သူသည် ငယ်စဉ်က ဆရာဘုန်းတော်ကြီးထံ အခြေခံပရိယတ္တိသင်ရိုး ဆည်းပူးစဉ် ထိုအတတ်ပညာ ချို့တဲ့၍ မကြာခဏ ဝက်အူကျပ်ခြင်း ခံရ၏။ ကျောင်းတိုက်တွင် အငယ်ဆုံးများ ဖြစ်ကြသည့် သူနှင့် အခြားကိုရင်တစ်ပါးသည် ဆရာဘုန်းတော်ကြီး ခြေရင်းတွင် အမြဲခစားကာ ဝေယျာဝစ္စဆောင်ရွက်ကြရ၏။ ဧည့်သည်အာဂန္တုလာလျှင် ဧည့်ဝတ်ပြုကြရ၏။ ဆရာဘုန်းကြီး၏ မျက်နှာစကား ကို ဖတ်ကာ အပူတန် အပူ၊ အအေးတန် အအေး တည်ခင်းကြရ၏။ တစ်ခါတစ်ရံ ဧည့်သည်အာဂန္တုများရှေ့တွင် ရေနွေးကြမ်းပန်းကန် ကျကွဲခြင်း၊ လက်သုတ်ပဝါအနွမ်း ကို မှားချမိတတ်ခြင်း၊ သင်္ကန်းကပိုကရို ကြည်ညိုဖွယ်အသွင် မဆောင်ခြင်း စသည် အချိုးမပြေ ရှိတတ်သောအခါ ဆရာဘုန်းတော်ကြီးက မျက်နှာပ္ပြောင့် မပျက်ဘဲ သီတင်းသိက္ခာကြီး၍ အမူကိစ္စကြီးငယ် ဆောင်ရွက်တတ်သော ရှင်ကြီး၊ ရဟန်းကြီးများကို ခေါ်ယူစေ၏။ ထိုမောင်ရှင်ကြီးတို့ကား ဆရာဘုန်းကြီး အထာကို ကောင်းစွာ ကျေညက်ပြီးသူများဖြစ်ရကား စမတ်ကျစွာ အာဂန္တုကဝတ် (courtesy) နည်းနာတို့ကို ဖြည့်ဆည်းပေးကြလေ၏။

ဆရာဘုန်းတော်ကြီးသည် ထိုမောင်ရှင်ကြီးတို့အား ပြုံးရွှင်စွာဖြင့် "မောင်တို့ ညီငယ်များကို အ သုံးလုံးကျေအောင် ဝက်အူလှည့်နည်း သင်ပေးလေ" ဟု ယဉ်ကျေးစွာ မိန့်မြွက်ကာ တစ်ဖက်ဧည့်သည်သို့ လှည့်လျက် ပြောဟောလက်စ သလ္လာပစကားဖြင့် အနုသန္ဓေကထာကို ဆက်၏။ ထိုအချိန်တွင် သူတို့မောင်ရှင်ငယ် နှစ်ပါးမှာ ချမ်းဖျားတက်ချင်လေပြီ။ ထိုရှင်မောင်ကြီးတို့သည် သူတို့ရှင်ငယ် နှစ်ပါးအား မသိမသာ ဖေးမဟန် ပခုံးမှ ဖိညှပ်ခေါ်ဆောင်လျက် ကျက်သရေ တိုက်တွင်းသို့ ခေါ်သွင်းသွားကြ၏။ ရနောင်မောင်မောင်တုတ်၏ ရတနာပုံအကျဉ်း စခန်း၊ အိုက်ခမန်း၏ အော့ဇဝစ်ငရဲခန်း၊ မျက်မှန်ကြီးတင်ဦး၏ ရေကြည်အိုင် စစ်ကြောရေးများ ကဲ့သို့ပင် ထိုကျက်သရေတိုက်ခန်းသည် တူလှစွာ၏။ ဝက်အူ လှည့်နည်း သင်ပေးဆိုသည်မှာ သူတို့ ကိုရင်ငယ်နှစ်ပါး၏ နားထင်ကိုလက်သီးဆုပ် ဖြင့် ထိကပ်လျက် ဖိကြိတ်လှည့်ကာ ဆုံးမခြင်းကို ဆိုပေသတည်း..။ "အား" ဟု

mgyoe.com